# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၅ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက် | ၂၀၂၃ ခုနှစ်၊ ဩဂုတ် ၂၂ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၂)၊ အမှတ်(၃၂၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## မကွေးမြို့နယ်၌ မိုးနှမ်းဧက ၁၇၀၀၀၀ ကျော် စိုက်ပျိုးခဲ့ပြီး ယခင်နှစ်ကထက် ထွက်နှုန်းကောင်း

မကွေး ဩဂုတ် ၂၁

မကွေးတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ ဆီအိုးကြီးဟု တင်စားရလောက်အောင် ဆီထွက်သီးနှံများဖြစ်သည့် (နှမ်း/မြေပဲ) သီးနှံများကို အဓိကထား စိုက်ပျိုးလျက်ရှိရာ မကွေးမြို့နယ်အနေဖြင့် မိုးနှမ်း ၁၇၆၄၁၉ ဧကအား ၂၀၂၃ ခုနှစ် မေလဆန်းပိုင်းမှ စတင်၍ စိုက်ပျိုးခဲ့ပြီး ယခုအခါတွင် စတင်ရိတ်သိမ်းနေပြီဖြစ်ကြောင်း သိရသည်။

ယခင်နှစ် မိုးနှမ်းသီးနှံ တစ်ဧကလျှင် စိုက်ပျိုးမှု ကုန်ကျစရိတ်အနေဖြင့် ငွေကျပ် ၂၆၂၀၀၀ ခန့်ရှိခဲ့ပြီး အထွက်နှုန်းအနေဖြင့် နှမ်း ၆ ဒသမ ၅ တင်းခန့် ထွက်ရှိခဲ့ကြောင်း၊ ဈေးနှုန်းအနေဖြင့် နှမ်း တစ်တင်းလျှင်


စာမျက်နှာ ၄ ကော်လံ ၃ ❐


ယနေ့ မာ တိ ကာ


**ဗလငါးတန်ပညာမာန်ဖြင့် အနာဂတ်ပွဲကိုင်ရှင်များ ဖြစ်ပါစေ ...** ဆောင်းပါး စာ ၆

**ဒေသတွင်း ပတ်ဝန်းကျင်အခင်းအကျင်းများကို ရှုမျှော်လေ့လာကြည့်သော် . . .** ဆောင်းပါး စာ ၁၀

**အိုင်အက်စ်အက်စ်ကိုသွားမည့် အာကာသယာဉ်မှူးများ ကနေဒီအာကာသစင်တာသို့ ရောက်ရှိလာ** နိုင်ငံတကာသတင်း စာ ၁၃

**ရွှေဘိုခရိုင်တွင် ဖြစ်ပေါ်နေသော စပါး၊ ဆန် ဈေးနှုန်းများနှင့် စီးထွက်မှုအခြေအနေ** စီးပွားရေးသတင်းများ စာ ၁၄


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ ကျင်းပမည်

နေပြည်တော် ဩဂုတ် ၂၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲကို ဩဂုတ် ၂၂ရက် **(ယနေ့)** မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ထန်းတပင်မြို့နယ်၌ မိုးစပါးစိုက်ဧက ၅၀၀၀၀ ကျော် စိုက်ပျိုးပြီးစီး

ရန်ကုန် ဩဂုတ် ၂၁

ရန်ကုန်တိုင်း ဒေသကြီး ထန်းတပင်မြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီ၌ မိုးစပါးစိုက်ဧက ၈၅၀၀၀ ကျော်ရှိသည့်အနက် ၅၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

"ထန်းတပင်မြို့နယ်မှာ မိုးစပါးလျာထားစိုက်ဧက ၈၅၀၈၂ ဧက ရှိပြီးတော့ လက်ရှိစိုက်ပျိုး


စာမျက်နှာ ၄ ကော်လံ ၃ ❖




မြန်မာ့အလင်း

# ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး

မိမိတို့နိုင်ငံတွင် ပြည်တွင်းစားသုံးဆီလိုအပ်ချက်က ထုတ်လုပ်နိုင်သည့် ပမာဏထက် များစွာမြင့်မားနေခြင်းကြောင့် နှစ်စဉ်ပြည်ပမှ တင်သွင်းနေရသည်ကို အားလုံးသိရှိကြပြီးဖြစ်သည်။ ပြည်တွင်းဆီစားသုံးမှုဟုဆိုရာတွင် ပြည်သူလူထု၏ နေ့စဉ်ချက်ပြုတ်စားသောက်မှုသာမက စက်မှုလုပ်ငန်းများနှင့် ဟိုတယ်လုပ်ငန်းများ စသည်တို့မှ သုံးစွဲမှုများလည်း ပါဝင်သည်။ မည်သို့ပင်ဖြစ်စေ နှစ်စဉ်ပြည်တွင်းစားသုံးဆီလိုအပ်ချက် တန်ချိန် ၁၁ သိန်းခန့်အတွက် ပြည်ပမှ တန်ချိန် ၉ သိန်းခန့် ဝယ်ယူဖြည့်တင်း နေရခြင်းဖြစ်ရာ ပြည်တွင်းထုတ်လုပ်နိုင်မှုနှင့် ပြည်တွင်းစားသုံး မှုတို့အကြား ကွာဟချက်လွန်စွာကြီးမားနေသည်။

ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ဧကနှင့် အထွက်နှုန်းပိုမိုတိုးတက်ရေးနှင့် ပြည်တွင်းစားသုံးဆီထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်း၏ စတုတ္ထအကြိမ်မြောက် အသင်းသားစုံညီနှစ်ပတ်လည် အစည်းအဝေးကို ဩဂုတ် ၂၀ ရက်က ကျင်းပရာတွင် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆီထွက်သီးနှံစိုက်ပျိုးရေး လုပ်ငန်းများမှ ထွက်ကုန်များကို အခြေခံပြီး တန်ဖိုးမြှင့်ထုတ်လုပ်သည့် Supply Chain တစ်လျှောက်တွင်ရှိသော လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော စိုက်ပျိုးစရိတ်ချေးငွေ၊ မျိုးစေ့၊ မြေဩဇာနှင့် ရေစသည့် သွင်းအားစုများ အချိန်မီရရှိနိုင်ရန် "စားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရေးကော်မတီ" က ဦးဆောင်၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အဆင့်မီဆီစက်များ တိုးချဲ့တပ်ဆင်ခြင်း၊ အသစ်တည်ဆောက်ခြင်းနှင့် လက်ရှိဆီစက် များ အဆင့်မြှင့်တင်ခြင်းတို့ ဆောင်ရွက်ရန် "ဆီစက်ချေးငွေ စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့"က ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ပြည်တွင်းစားသုံးဆီ ထုတ်လုပ်မှုစာရင်းများအရ ၂၀၂၂ ခုနှစ် နှစ်ဆန်းပိုင်းအထိ တစ်နိုင်ငံလုံးတွင် ဆီစက်အကြီးစား ၂၃၀ ကျော်၊ ဆီစက်အလတ်စား ၉၂၀ ကျော်၊ ဆီစက်ငယ် ၃၁၀၀ ကျော်ရှိသဖြင့် ဆီစက်အကြီးစားမှာ တစ်နိုင်ငံလုံးရှိ ဆီစက် အားလုံး၏ ၅ ရာခိုင်နှုန်း၊ ဆီစက်အလတ်စားမှာ ၂၂ ရာခိုင်နှုန်း၊ ဆီစက်ငယ် ၇၃ ရာခိုင်နှုန်းရှိကြောင်းနှင့် တစ်နှစ်လျှင် စားသုံးဆီ ထုတ်လုပ်မှု တန်ချိန် ၆၆၀၀၀ ကျော်သာရှိကြောင်း သိရှိရသည်။ ပြည်တွင်းဆီစက်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုသည် ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုနှင့် ပြည်တွင်းဆီစားသုံးမှုတို့၏အကြားတွင်ရှိနေပြီး ၎င်းတို့အပေါ်တွင် တည်မှီနေခြင်းဖြစ်သည်။ ဆီထွက်သီးနှံများကို ပြည်ပသို့ ကုန်ကြမ်းများအတိုင်း တင်ပို့ရောင်းချခြင်းနှင့် ပြည်တွင်း၌ ရိုးရာပုံစံစားသုံးမှုများကြောင့် ဆီစက်များအတွက် ကုန်ကြမ်းရရှိမှု နည်းပါးပြီး စက်စွမ်းအားပြည့် မလည်ပတ်နိုင်ခြင်းနှင့် အချို့ရပ်နားထားရခြင်းတို့ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

တစ်ဖန် ပြည်တွင်းစားသုံးဆီဈေးကွက်တွင် ပြည်ပမှ တင်သွင်းလာသည့် စားအုန်းဆီ၏ ဈေးနှုန်းကို မယှဉ်နိုင်ခြင်း၊ ဓာတုဗေဒပစ္စည်းများဖြင့် အရောင်၊ အနံ့များကို ပြုပြင်၍ ရောင်းချသည့် ဆီများက ဈေးကွက်တွင် ဖုံးလွှမ်းနေပြီး မသိနားမလည်သည့် စားသုံးသူအများစုက လက်ခံသုံးစွဲနေကြခြင်းတို့ကြောင့် ပြည်တွင်းမှ ဆီထွက်သီးနှံ ပဲ၊ နှမ်း၊ နေကြာစသည်တို့ကို အစစ်အမှန် ကြိတ်ခွဲထုတ်လုပ်နေသည့် ပြည်တွင်းဆီစက်လုပ်ငန်းများ ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်ခဲ့သည်ဟု သိရသည်။ ကုန်ကြမ်းရရှိ မှု နည်းပါးခြင်းနှင့် ကုန်ချောကို ဈေးကွက်တွင် မမှန်မကန်ယှဉ်ပြိုင် နေရခြင်းတို့ကြောင့် ပြည်တွင်းဆီစက်လုပ်ငန်းများ အထိနာခဲ့ရခြင်းဖြစ်သည်။

ယခုအခါ ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ဧကနှင့် တစ်ဧကအထွက်နှုန်း ပိုမိုတိုးတက်ရေးအတွက် ပံ့ပိုးအားပေးမှုများဖြင့် ဆောင်ရွက်လျက်ရှိပြီး ဆီထွက်သီးနှံကုန်ကြမ်းများ ပြည်ပသို့တင်ပို့မှုနှင့် ပတ်သက်၍လည်း ပြည်တွင်းစားသုံးမှုဖူလုံရေး ဦးစားပေးသည့်မူဖြင့် ထိန်းသိမ်းကွပ်ကဲလျက်ရှိသည်။ ပြည်တွင်းဆီစားသုံးသူများအနေဖြင့် ပြည်တွင်းမှ ထုတ်လုပ်သည့် စားသုံးဆီအစစ်အမှန်များကိုသာ ဝယ်ယူသုံးစွဲရန်နှင့် ပြုပြင်ရောနှောထားသည့် ဆီများအပါအဝင် ကျန်းမာရေးနှင့် မညီညွတ်သော စားသုံးရန်မသင့်သည့် ဆီများကို ရှောင်ကြဉ်ကြရန်လည်း ပညာပေးမှုများကို ကျယ်ကျယ်ပြန့်ပြန့်၊ ထိထိရောက်ရောက် ဆောင်ရွက်ရန် လိုအပ်လျက်ရှိသည်။

ရေရှည်တွင် ပြည်တွင်းစားသုံးဆီဖူလုံရေး လိုအပ်ချက်ကို ပြည်တွင်းမှ ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးထုတ်လုပ်မှု၊ ပြည်တွင်းဆီစက်လုပ်ငန်းများမှ ကြိတ်ခွဲထုတ်လုပ်မှုများဖြင့် ရာခိုင်နှုန်းပြည့်ဖြည့်ဆည်းဆောင်ရွက်ပေးသွားနိုင်ရန် တာဝန်ရှိသူများ၊ စိုက်ပျိုးထုတ်လုပ်သူများ၊ လုပ်ငန်းရှင်များ၊ စားသုံးသူများ စသည့် အဘက်ဘက်မှ ပါဝင်ဆောင်ရွက်သွားကြရပါမည့်အကြောင်း။ ။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၂၁

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့်ရှိနိုင်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိမည်။

မိုး/ဇလ

## မြန်မာနိုင်ငံ ပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ စီးပွားရေးရာဌာနကြီး ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ထွန်း ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ရုံးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ စီမံရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ငြိမ်းငြိမ်းဝင်း ကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်အဖွဲ့ (၇) ကြိမ်မြောက် တရုတ်- တောင်အာရှပြပွဲ၊ (၂၇) ကြိမ်မြောက် တရုတ် (ကူမင်း) ပို့ကုန်၊ သွင်းကုန် ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားနှင့် ဆက်စပ်အခမ်းအနားများသို့ တက်ရောက်ပြီး ပြန်လည်ရောက်ရှိ



ရန်ကုန် ဩဂုတ် ၂၁

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ပြည်သူ့အစိုးရ ပြည်နယ်အုပ်ချုပ်ရေးမှူး၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ ၂၀၂၃ ခုနှစ် ဩဂုတ် ၁၅ ရက်မှ ၁၈ ရက်အထိ ကျင်းပသည့် (၇) ကြိမ်မြောက် တရုတ်-တောင်အာရှပြပွဲ၊ (၂၇) ကြိမ်မြောက် တရုတ် (ကူမင်း) ပို့ကုန်၊ သွင်းကုန် ကုန်စည်ပြပွဲဖွင့်ပွဲ အခမ်းအနား၊ ၂၀၂၃-ခုနှစ် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးစင်္ကြံအုပ်ချုပ်သူများ ဖိုရမ်နှင့် ဆက်စပ် အခမ်းအနားများသို့ တက်ရောက်ခဲ့ပြီး ယနေ့မွန်းလွဲပိုင်းတွင် တရုတ်နိုင်ငံ ကူမင်းမြို့မှ လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ပြည်ထောင်စု ဝန်ကြီးနှင့်အဖွဲ့အား မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ Minister Counsellor ဖြစ်သူ Mr.Zheng Zhihong နှင့် တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

သတင်းစဉ်

## သရက်မြို့၌ လူငယ်များ ဗလငါးတန်ပြည့်စုံရန် လူငယ်ရေးရာဟောပြောပွဲကျင်းပ

သရက် ဩဂုတ် ၂၁

မကွေးတိုင်းဒေသကြီး သရက်မြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၀ ရက်က ကျင်းပပြီး ဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ဆွေက ကျောင်းနေအရွယ်မှစ၍ စည်းကမ်းရှိရှိ ပြုမူနေထိုင်တတ်ပြီး ပညာကို ကြိုးစားသင်ယူတတ်စေရန်နှင့် ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလ ဟူသည့် ဗလငါးတန်ပြည့်စုံပြီး လူတော်လူကောင်းများဖြစ်မှသာ မိမိရပ်ရွာ၊ နိုင်ငံတော်အတွက် အကျိုးရှိမည်ဖြစ်၍ စာပေဖတ်ရှုသည့် အလေ့အထကောင်းများကို လေ့ကျင့်ပြီး စာဖတ်ကြရန်နှင့် အားကစားစိတ်ဓာတ်ကောင်းများမွေးမြူပြီး ကျန်းမာသန်စွမ်းအောင် လေ့ကျင့်ကြရန် ဟောပြောသည်။

ထို့နောက် ကျောင်းအုပ်ဆရာကြီး ဦးကီးအောင်ထန်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ဟောပြောပွဲအပြီးတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မူးယစ်ဆေးဝါးတိုက်ဖျက်ရေး နံရံကပ်စာစောင်နှင့် ကလေးအလုပ်သမား ပပျောက်ရေးအသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသခဲ့သည်။

ဇော်ထက်(သရက်)

## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ



နေပြည်တော် ဩဂုတ် ၂၁

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် N.P.K Motors Co.,Ltd. မှ တင်သွင်းလာသော MG, MG4 (Mulan) အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်ကိုးစီးသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာရာ ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါ လျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတကာစစ်ဘက်နည်းပညာဖိုရမ်နှင့် (၁၁)ကြိမ်မြောက် နိုင်ငံတကာလုံခြုံရေးဆိုင်ရာညီလာခံသို့ တက်ရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း မြန်မာစစ်သံရုံး၌ သံအမတ်ကြီး၊ စစ်သံမှူး(ကြည်း၊ ရေ၊ လေ)နှင့် စစ်သံရုံးမှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်တွေ့ဆုံ၍ နိုင်ငံတော်၏ လက်ရှိဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ရှင်းလင်းပြောကြားစဉ်။

**နေပြည်တော် ဩဂုတ် ၂၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ရုရှားနိုင်ငံ မော်စကိုဒေသတွင် ကျင်းပပြုလုပ်ခဲ့သည့် နိုင်ငံတကာစစ်ဘက်နည်းပညာဖိုရမ် (ARMY-2023)နှင့် (၁၁)ကြိမ်မြောက် နိုင်ငံတကာလုံခြုံရေးဆိုင်ရာညီလာခံ (XI Moscow Conference on International Security) သို့ တက်ရောက်ခဲ့ပြီး ယနေ့ ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ Counsellor Mr. Pavel KLABUKOV၊ စစ်သံမှူး Mr. Sergey KUR-CHENKO နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသည်။

**ဆက်လက်တည်တံ့ခိုင်မြဲနေမည်ဟု ယုံကြည်**

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၁၄ ရက် နံနက်ပိုင်းတွင် ရုရှားတပ်မတော် ပင်မဘုရားကျောင်းကြီးနယ်မြေရှိ Alley of Allies တွင် မြန်မာတို့၏ ဒုတိယကမ္ဘာစစ်အတွင်း ဖက်ဆစ်ဝါဒီများကို တွန်းလှန်တိုက်ခိုက်အောင်မြင်ခဲ့မှု အထိမ်းအမှတ်အနေဖြင့် ထုလုပ်ပုံဖော်ထားသည့် ရုပ်တုဖွင့်ပွဲအခမ်းအနားသို့ ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီး Army General Sergey Shoigu နှင့်အတူ တက်ရောက်ခဲ့ပြီး ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးက အထိမ်းအမှတ်ရုပ်တုဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း က ယခု အထိမ်းအမှတ်ရုပ်တုသည် ဒုတိယကမ္ဘာစစ်အတွင်း မြန်မာနိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုကို ရည်စူးအောက်မေ့သတိရစေရန် ထုလုပ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ရုပ်တုဖွင့်ပွဲသည် နှစ်နိုင်ငံတပ်မတော်များအကြား ကာကွယ်ရေးနှင့် ယဉ်ကျေးမှု ကူးလူးဆက်နွှယ်မှု၊ သမိုင်းကြောင်းအရ ဆက်နွှယ်မှုနှင့် ချစ်ကြည်ရင်းနှီးမှုတို့ကို ဖော်ညွှန်းလျက်ရှိကြောင်း၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးအခြေအနေများသည် မည်သူမျှ ကြားဝင်ဖျက်ဆီး၍ မရနိုင်သကဲ့သို့ မိမိတို့နှစ်နိုင်ငံ၏ မဟာဗျူဟာမိတ်ဖက်အနေဖြင့် ဆက်လက်တည်တံ့ခိုင်မြဲနေမည်ဟု ယုံကြည်ပါကြောင်း၊ ယခုကဲ့သို့ မိမိတို့မြန်မာနိုင်ငံကို အသိအမှတ်ပြုပြီး အထိမ်းအမှတ်ရုပ်တု ပြုလုပ်ပေးခြင်းအတွက်လည်း ကျေးဇူးတင်ပါကြောင်း ပြောကြားကာ နှစ်နိုင်ငံ ကာကွယ်ရေးဝန်ကြီးတို့က အထိမ်းအမှတ်ရုပ်တုကို ဖွင့်လှစ်ပေးသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့**

ထို့နောက် နိုင်ငံတကာစစ်ဘက်နည်းပညာဖိုရမ် (ARMY-2023) ဖွင့်ပွဲအခမ်းအနား ကျင်းပမည့် မျိုးချစ်ပန်းခြံ (Patriot Park) သို့ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Colonel General Alexander Fomin နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံနယ်ပယ်ကဏ္ဍစုံ၌ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရေး၊ စစ်ဘက်နည်းပညာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လုပ်ဆောင်ရေးဆိုင်ရာနှင့် ပညာတော်သင် သင်တန်းသားစေလွှတ်မှုဆိုင်ရာ ကိစ္စရပ်တို့ကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် နိုင်ငံတကာ စစ်ဘက်နည်းပညာဖိုရမ် (ARMY-2023) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ပြခန်းအတွင်း ခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှု၍ Aquarius IT ဆိုင်ရာကုမ္ပဏီ၊ BSVT စစ်လက်နက်ပစ္စည်းဆိုင်ရာ ကုမ္ပဏီတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။

ဩဂုတ် ၁၅ ရက်တွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် (၁၁)ကြိမ်မြောက် နိုင်ငံတကာ လုံခြုံရေးဆိုင်ရာညီလာခံ (XI Moscow Conference on International Security) ဖွင့်ပွဲအခမ်းအနားနှင့် ဆွေးနွေးပွဲများသို့ တက်ရောက်ရာ ရုရှားသမ္မတ Vladimir Putin က Vedio Message ဖြင့် မိန့်ခွန်းပြောကြား၍ ဖွင့်လှစ်ပေးပြီး ရုရှားကာကွယ်ရေးဝန်ကြီး Army General Sergey Shoigu က အဖွင့်အမှာစကား ပြောကြားသည်။

**Video Message ဖြင့် မိန့်ခွန်းပြောကြား**

အစည်းအဝေး ဒုတိယပိုင်းဖြစ်သည့် "အာရှ-ပစိဖိတ်ဒေသတွင်းလုံခြုံရေး" ဆွေးနွေးပွဲတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အာရှ-ပစိဖိတ်ဒေသတွင်း တည်ငြိမ်အေးချမ်းရေးအတွက် အာဆီယံနိုင်ငံများ၏ စည်းလုံးညီညွတ်မှုသည် အရေးပါကြောင်းနှင့် အာရှပစိဖိတ်ဒေသတွင်း ကုန်သွယ်မှုနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာ့နိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုအခြေအနေတို့ကို Video Message ဖြင့် မိန့်ခွန်းပြောကြားသည်။ အဆိုပါညီလာခံသို့ နိုင်ငံပေါင်း ၂၀ မှ ကာကွယ်ရေးဝန်ကြီးအဆင့်ပုဂ္ဂိုလ် ၂၀၊ နိုင်ငံပေါင်း ၁၆ နိုင်ငံမှ ဒုတိယကာကွယ်ရေးဝန်ကြီးအဆင့်ပုဂ္ဂိုလ် ၁၆ ဦး၊ နိုင်ငံ ၁၂ နိုင်ငံမှ ညွှန်ကြားရေးမှူးအဆင့်ပုဂ္ဂိုလ် ၁၂ ဦးအပါအဝင် အင်အား ၈၀၀ ကျော် တက်ရောက်ကြသည်။

**လိုက်လံကြည့်ရှု**

ဩဂုတ် ၁၆ ရက်တွင် နိုင်ငံတကာစစ်ဘက်နည်းပညာဖိုရမ် (ARMY-2023)ကို ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် မျိုးချစ်ပန်းခြံ (Patriot Park) အတွင်း ခင်းကျင်းပြသထားသည့် စစ်ဘက်သုံး ယာဉ်/ လက်နက်နှင့် အထောက်အကူပစ္စည်းများကို လိုက်လံကြည့်ရှုပြီး PJSC (UAC)၊ Technodinamika နှင့် Rosobornexport ကုမ္ပဏီတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။

**လက်ဆောင်ပစ္စည်းများ ပေးအပ်**


ညနေပိုင်းတွင် မြန်မာစစ်သံရုံးသို့ ရောက်ရှိပြီး သံအမတ်ကြီး၊ စစ်သံမှူး (ကြည်း၊ ရေ၊ လေ)နှင့် စစ်သံရုံးမှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် တွေ့ဆုံ၍ နိုင်ငံတော်၏ လက်ရှိဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး စစ်သံရုံးမိသားစုများအတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဩဂုတ် ၁၇ ရက်တွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာလုဂါပြည်နယ် အတနာဒီ ကမ္ဘာ့ယဉ်ကျေးမှုမြို့တော်အတွင်းတည်ထားသည့် ရွှေစည်းခုံ(ပုံတူ) စေတီတော်သို့ သွားရောက်ဖူးမြော်ခဲ့ကာ နိုင်ငံစုံမှ ပြသထားသည့် ပြကွက်များကို လှည့်လည်ကြည့်ရှုပြီး ရုရှားတပ်မတော် ပင်မဘုရားကျောင်းကြီး (Main Cathedral of the Russian Armed Forces) ဝင်းအတွင်း လှည့်လည်ကြည့်ရှုကာ စစ်ပွဲများတွင် သိမ်းဆည်းရမိခဲ့သည့် ပြည်ပနိုင်ငံထုတ် စစ်လက်နက်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုလေ့လာသည်။

**နေ့ဆွမ်းဆက်ကပ်လှူဒါန်း**

ဩဂုတ် ၁၈ ရက်တွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မော်စကိုမြို့ရှိ မြန်မာဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်း၊ ဝတ္ထုငွေများနှင့် နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်အဖွဲ့ဝင်များအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တာဝန်ရှိသူများက ကြိုဆိုကြစဉ်။

# နိုင်ငံ့ဝန်ထမ်းအကြီးအမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းအမှတ်စဉ် (၃) သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

နေပြည်တော်  ဩဂုတ်  ၂၁

**နိုင်ငံ့ဝန်ထမ်းအကြီးအမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်း အမှတ်စဉ်(၃) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဥပဒေရေးရာဝန်ကြီးဌာန မြေညီထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

သင်တန်းဆင်းပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ယခုသင်တန်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏လမ်းညွှန်ချက်နှင့်အညီ ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် နိုင်ငံ့ဝန်ထမ်း အကြီးအမှူးများအား ဥပဒေအသိပညာပြန့်ပွားရေးသင်တန်း တက်ရောက်ပြီးစီးကြောင်း အသိအမှတ်ပြုလက်မှတ် (Certificate of Legal Advocacy-CLA) ပေးအပ်နိုင်စေရန် ဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း။

**လက်တွေ့အသုံးဝင်သည့် ဘာသာရပ်များဖြစ်**

သင်တန်းတွင် ဥပဒေရေးရာဝန်ကြီးဌာနမှ ဦးစီးဌာနများ၏အကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာဘာသာရပ်၊ အပြည်ပြည်ဆိုင်ရာနှင့် အာဆီယံဥပဒေဘာသာရပ်၊ စီးပွားရေးစာချုပ်စာတမ်းများ စိစစ်ခြင်းဘာသာရပ်၊ ဥပဒေမူကြမ်း စိစစ်ရေးဆွဲခြင်းဘာသာရပ်၊ အထွေထွေဥပဒေအကြံပေးရေးဘာသာရပ်၊ ပြစ်မှုဆိုင်ရာနှင့် အထူးဥပဒေများ လက်တွေ့အသုံးချမှု ဘာသာရပ်နှင့် တရားမဆိုင်ရာ ဘာသာရပ်များကို သင်ကြားပို့ချပေးခဲ့ပြီး သင်ကြားပို့ချခဲ့သည့် ဘာသာရပ်များသည် သင်တန်းသားများအတွက် လက်တွေ့အသုံးဝင်သည့် ဘာသာရပ်များဖြစ်ပါကြောင်း။

**လက်တွေ့ကျင့်သုံးဆောင်ရွက်**

သင်တန်းတက်ရောက်ခဲ့ကြသည့် သင်တန်းသားများသည် ဤသင်တန်းမှ သင်ကြားပို့ချပေးသည့် ဥပဒေဘာသာရပ်များကို မိမိတို့၏ လုပ်ငန်းခွင်တွင် လက်တွေ့ကျင့်သုံးဆောင်ရွက်ခြင်းဖြင့် ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များကို ပိုမိုထိရောက်ကောင်းမွန်စွာ ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။




သင်တန်းဆင်းပွဲသို့ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်များ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်၊ သင်တန်းဆရာများ၊ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများအဖြစ် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ တပ်ဖွဲ့မှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ အင်ဂျင်နီယာချုပ်များ၊ အထွေထွေမန်နေဂျာများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့်စပ်လျဉ်းပြီး ဝန်ကြီးဌာနများအား ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများဆောင်ရွက်

**နေပြည်တော်  ဩဂုတ်  ၂၁**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့် စပ်လျဉ်းပြီး ရှင်းလင်း ပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းကို ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမနှင့် မွန်းလွဲပိုင်းတွင် ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမတို့၌ ကျင်းပသည်။

အခမ်းအနားများသို့ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦး၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာ မိုးဇော်ထွန်း၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်၍ လက်တွေ့မဲပေးခြင်းများဆောင်ရွက်ကြသည်။ **(အောက်ဝဲပုံ)**



ဦးစွာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးနှင့် ဦးကိုကိုလွင်၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများက မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး စမ်းသပ်မဲပေးခြင်းများကို ဆောင်ရွက်ကြသည်။

ရှင်းလင်း ဆွေးနွေးခြင်းနှင့် သရုပ်ပြပွဲများသို့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ အရာထမ်း၊ အမှုထမ်း ၁၇၂ ဦး၊ ပညာရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်း ၁၅၆ ဦး တက်ရောက်ကြပြီး မဲပေးစက်ဖြင့် လက်တွေ့ဆန္ဒမဲပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေတောင်မြို့နယ်၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**ရွှေတောင်  ဩဂုတ်  ၂၁**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့ နံနက်ပိုင်းက ၂၀၂၃ ခုနှစ်၊ ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ အထိမ်းအမှတ်အခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်မျိုးသန့်က အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များအကြောင်း ရှင်းလင်းပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းမြအေးက မိခင်နို့စနစ်တကျတိုက်ကျွေးရန် အသိပညာပေး ဟောပြောသည်။

ဆက်လက်၍ အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်ကေသီက မိခင်နို့စနစ်တကျတိုက်ကျွေးရေးနှင့် ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရနှင့်ပတ်သက်၍ ကျန်းမာရေးအသိပညာပေးခြင်းနှင့် မိခင်နို့စနစ်တကျတိုက်ကျွေးပုံအား လက်တွေ့သရုပ်ပြသသည်။

ထို့နောက် တက်ရောက်လာသည့် ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များအား ကျန်းမာရေးအသိပညာ ဉာဏ်စမ်းအမေးအဖြေများပြုလုပ်ကာ စံပြမိခင်ရွေးချယ်၍ ဆုချီးမြှင့်ပေးခဲ့ပြီး ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များအား အာဟာရပစ္စည်းနှင့် ဆေးဝါးများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ကိုကိုမင်း (ပြန်/ဆက်)**



# ပလက်ဝခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၌ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဆင်းပွဲကျင်းပ

**ပလက်ဝ  ဩဂုတ်  ၂၁**

ချင်းပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၌ ကျင်းပသည့် ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းဆင်းပွဲကို ယနေ့နံနက် ၉ နာရီက အဆိုပါရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ပလက်ဝခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးသန်းစိုးဦးက ဝန်ထမ်းများ ရုံးလုပ်ငန်းဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရန်နှင့် အသိပညာ၊ အတတ်ပညာများ တိုးပွားစေရန် ရည်ရွယ်ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ရုံးလုပ်ငန်းများဆိုင်ရာ ဘာသာရပ်များနှင့် ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ ငွေစာရင်းထိန်းသိမ်းနည်းဆိုင်ရာဘာသာရပ်များ၊ ကျေးလက်ရေရရှိရေးနှင့် လမ်းတံတားဆိုင်ရာ ဘာသာရပ်များ၊ စီမံကိန်းလုပ်ငန်းများဖြစ်သည့် မြစိမ်းရောင်စီမံကိန်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)၊ ကျေးရွာမတည်ငွေစီမံကိန်း စသည့်ဘာသာရပ်များကို ဩဂုတ် ၅ ရက်မှ ၂၁ ရက်အထိ ပို့ချပေးခဲ့ပြီးဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါအခမ်းအနားတွင် ခရိုင်/မြို့နယ်ရုံးဝန်ထမ်းများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

❐ *ရှေ့ဖုံးမှ*

ငွေကျပ် ၅၀၆၀၀ ရရှိရာ အကျိုးအမြတ်အနေဖြင့် ငွေကျပ် ၆၆၉၀၀ ရရှိသည်။ ယခုနှစ်တွင် မိုးနှမ်းတစ်ဧကလျှင် ကုန်ကျစရိတ်အနေဖြင့် ငွေကျပ် ၃၅၈၀၀၀ ခန့်ရှိကာ လက်ရှိနှမ်းခင်းများ၏အခြေအနေအရ တစ်ဧကလျှင် ၇ ဒသမ ၅ တင်းခန့် ထွက်ရှိနိုင်ပြီး လက်ရှိနှမ်းဈေးနှုန်းအနေဖြင့် နှမ်းတစ်တင်းလျှင် ငွေကျပ် ၇၆၀၀၀ ဖြစ်ရာ တစ်ဧကလျှင် ငွေကျပ် ၂၁၂၀၀၀ ခန့် အမြတ်ရရှိကြောင်း သိရသည်။ **DOCA(မကွေး)**

❖ *ရှေ့ဖုံးမှ*

ပြီးစီးတာကတော့ ဧကပေါင်း ၅၁၄၉၆ ဧကရှိပါတယ်။ စတင်စိုက်ပျိုးတာကတော့ ဇွန်လကနေပြီး စတင်စိုက်ပျိုးနေတာဖြစ်ပြီး လျာထားဧက ပြည့်မီအောင်အတွက်လည်း ဆောင်ရွက်လျက်ရှိပါတယ်”ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဝင်းကိုက ပြောသည်။

မိုးစပါးလျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက်လည်း တောင်သူပညာပေးလုပ်ငန်းများနှင့် မိုးစပါးစိုက်ခင်းများ တစ်ဧကအထွက်နှုန်း တိုးတက်ရေးအတွက် လိုက်နာရမည့်နည်းလမ်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ အသိပညာပေးဆောင်ရွက်လျက်ရှိပြီး နည်းပညာ၊ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသလို မျိုးစေ့ထုတ်တောင်သူများကိုလည်း မြေဩဇာများ ထောက်ပံ့ပေးလျက်ရှိကြောင်းလည်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ယူနန်ပြည်နယ်ရှိ ဆိုလာဆဲလ် ထုတ်လုပ်မှုနှင့် သံမဏိစက်ရုံတို့ကို ကြည့်ရှုလေ့လာ

ကူမင်း ဩဂုတ် ၂၁

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်အဖွဲ့သည် ဩဂုတ် ၂၀ ရက် မွန်းလွဲပိုင်းတွင် ယူနန်ပြည်နယ် Qujing Jingkai ခရိုင် Nanhai စက်မှုဇုန်ရှိ Yunnan Runyang century Phobovoltaic Technology ကုမ္ပဏီလီမိတက်မှ တည်ထောင်လျက်ရှိသည့် စွမ်းဆောင်ရည်မြင့် ဆိုလာဆဲလ် ထုတ်လုပ်မှုလုပ်ငန်းခွင်ကို သွားရောက်လေ့လာသည်။**



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် အဖွဲ့ဝင်များ Nanhai စက်မှုဇုန်ရှိ Yunnan Runyang century Phobovoltaic Technology ကုမ္ပဏီလီမိတက်မှ တည်ထောင်လျက်ရှိသည့် စွမ်းဆောင်ရည်မြင့် ဆိုလာဆဲလ် ထုတ်လုပ်မှုလုပ်ငန်းခွင်အတွင်း ကြည့်ရှုလေ့လာစဉ်။

ဧရိယာအကျယ် 468 mm ရှိပြီး ဆောက်လုပ်ရေး ဧရိယာ ၂၁၀၀၀၀ စတုရန်းမီတာရှိသည့် စီမံကိန်းကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်တည်ဆောက်ခဲ့ပြီး စက်ရုံ ၃၆ ရုံ ပါရှိမည်ဖြစ်ရာ တစ်ရုံလျှင် 550 Mega Watt ထုတ်လွှတ်နိုင်မည် ဖြစ်ကြောင်း သိရသည်။ ယခုအခါ သုံးရုံ ပြီးစီးပြီဖြစ်ပြီး ပထမအဆင့်ထုတ်လွှတ်မှုပိုင်းကို ဇူလိုင် ၁ ရက်တွင် စတင်နိုင်ခဲ့ကြောင်း သိရသည်။

**ဝန်ထမ်းပေါင်း ၁၀၀၀၀ ကျော်ဖြင့် လုပ်ဆောင်လျက်ရှိ**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Chenggang Group ၏ လူသိများသော Yunnan Qujing Chenggang Iron and Steel (Group) Co.Lt ၏ သံမဏိစက်ရုံသို့ သွားရောက်လေ့လာသည်။ ယင်းစက်ရုံကို ၂၀၀၄ ခုနှစ်က စတင်ထူထောင်ခဲ့ပြီး သံနှင့် သံမဏိပြုလုပ်ခြင်း၊ ကျောက်မီးသွေး တူးဖော်ခြင်း၊ စွမ်းအင်အရင်းအမြစ်များ ပြန်လည်အသုံးပြုခြင်း စသည့်လုပ်ငန်းကြီးများ လုပ်ဆောင်သည့် အုပ်စုအဖြစ် ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ ယခုအခါ လုပ်ငန်းခွဲပေါင်း ၁၆ ခုကို ဝန်ထမ်းပေါင်း ၁၀၀၀၀ ကျော်ဖြင့် လုပ်ဆောင်လျက်ရှိသည်။

**ကမ္ဘာ့ဒုတိယအကြီးဆုံး ရေအားလျှပ်စစ်စက်ရုံ**

ယူနန်ပြည်နယ်ရှိ ထိပ်တန်းလုပ်ငန်း ၁၀၀ တွင် ၁၀ နှစ်ဆက်တိုက် ရှေ့တန်းတွင် ရပ်တည်လျက်ရှိပြီး အရည်အသွေးကောင်းမွန်မှုကြောင့် Chenggang အမှတ်တံဆိပ် ထုတ်ကုန်များကို ကမ္ဘာ့ဒုတိယအကြီးဆုံး ရေအားလျှပ်စစ်စက်ရုံဖြစ်သည့် Baihetam ရေအားလျှပ်စစ် စခန်း၏ ၂၈၉ မီတာမြင့်သော ပင်မဆည် Changshui အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ ရှန်ဟိုင်း-ကူမင်းရထား၊ Xikum မြန်နှုန်းမြင့် မီးရထားတို့ အပါအဝင် အဓိက စီမံကိန်းကြီးများတွင် အသုံးပြုလျက်ရှိကြောင်း သိရသည်။

ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးအား China International Cooperation Association of SMES Executive Director Global Business, CEO ဖြစ်သူ Mr . Yi Homs နှင့် အဖွဲ့သည် တည်းခိုရာ ကူမင်းမြို့ရှိ Wanda Realm ဟိုတယ်၌ လာရောက်တွေ့ဆုံပြီး တရုတ်-အရှေ့တောင်အာရှ၊ တောင်အာရှ ဒစ်ဂျစ်တယ် စီးပွားရေးကို e – commerce ဖြင့် အကောင်အထည်ဖော်ဆောင် နေမှုများကို ရှင်းလင်းတင်ပြသည်။

လက်ရှိတွင် အဆိုပါ Web Portal ၌ မဲခေါင် – လန်ချန်း အဖွဲ့ဝင် နိုင်ငံများဖြစ်ကြသော တရုတ်၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယားတို့အပြင် ဂျပန်၊ အင်္ဂလန်၊ အိန္ဒိယနှင့် ကိုရီးယား နိုင်ငံ စုစုပေါင်း ၁၀ နိုင်ငံမှ စီးပွားရေး၊ ယဉ်ကျေးမှု၊ ပို့ဆောင်ဆက်သွယ်ရေး၊ ကူးသန်းရောင်းဝယ်မှု စသည်တို့ကို သတင်းအချက်အလက်များ ရယူဖြန့်ဖြူးပြီး ကုန်သွယ်မှု လုပ်ငန်းများ ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

အဖွဲ့၏ ဆွေးနွေးတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့သည်။

ထို့နောက် ၁၉၉၄ ခုနှစ်က စတင် တည်ထောင်ခဲ့သည့် RUIHEJC ကုမ္ပဏီကို ရောက်ရှိရာ တာဝန်ရှိသူများက ကြိုဆိုပြီး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းကုမ္ပဏီသည် Online ကုန်စည်ပို့ဆောင်မှုလမ်းကြောင်းများကို အခြေတည်ပြီး သတင်းအချက်အလက်နှင့် နည်းပညာကို ပံ့ပိုးပေးခြင်းဖြင့် ပို့ဆောင်မှုစနစ်ကို တည်ဆောက်လုပ်ကိုင်လျက်ရှိသည်။

နယ်စပ်ဖြတ်ကျော် ပို့ဆောင်ရေးနှင့် အဝေးပြေးလမ်းမကြီး၊ မီးရထားနှင့် ပင်လယ်ရေကြောင်းများ အပါအဝင် နှစ်လမ်းသွား ပို့ဆောင်နိုင်မှုကို လုပ်ဆောင်ပေးနေခြင်းဖြစ်သည်။

ယင်းကုမ္ပဏီသည် တောင်အာရှနှင့် အရှေ့တောင်အာရှတွင် အဓိကအချက်အချာ နေရာတစ်ခုဖြစ်သည့် ယူနန်ပြည်နယ်တွင် အခြေပြု၍ တရုတ်ပြည်သို့ ဖြန့်ကြက် လုပ်ဆောင်နေမှုများအပြင် မြန်မာနိုင်ငံနှင့် ချိတ်ဆက်ကာ အိန္ဒိယသမုဒ္ဒရာကို အသုံးပြုခြင်းဖြင့် ကုန်းကြောင်း၊ ရေကြောင်းလမ်းသစ်များဖွင့်လှစ်ပြီး "လမ်းဆုံတစ်ခု၊ သမုဒ္ဒရာနှစ်စင်း" မျှော်မှန်းချက်ထားရှိကာ အကောင်အထည်ဖော်ရန် ရည်မှန်းလုပ်ဆောင်နေခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် အဖွဲ့ဝင်များ Chenggang Group ၏ လူသိများသော Yunnan Qujing Chenggang Iron and Steel (Group) Co.Lt ၏ သံမဏိစက်ရုံအတွင်း ကြည့်ရှုလေ့လာစဉ်။

# ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကြောင့် ရေစီမံခန့်ခွဲမှုစနစ်ကို ပြောင်းလဲဆောင်ရွက်

**အုတ်တွင်း ဩဂုတ် ၂၁**

အုတ်တွင်းမြို့နယ်၌ ရေစီမံခန့်ခွဲမှုစနစ် တွေ့ဆုံဆွေးနွေးပွဲကို ဩဂုတ် ၂၀ ရက်က ပိတောက်ခင်ကျေးရွာအနီး တောင်သူပညာပေး ရှင်းလင်းဆောင် ခန်းမ၌ ပြုလုပ်သည်။

တွေ့ဆုံပွဲတွင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းထွဋ်က စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးရေသည် အရေးပါသော အချက်ဖြစ်၍ လာမည့် အယ်လ်နီညိုကာလတွင် ရေကို ကြိုတင်စုဆောင်းထားရှိရန်၊ တမံ၊ ရေလွှဲဆည်၊ တူးမြောင်းများမှ စိုက်ပျိုးရေပေးဝေမှုနှင့် ထိန်းသိမ်းပြုပြင်ခြင်းများကို ပူးပေါင်းဆောင်ရွက်ရန် ပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကိုကိုဦးက ရေကို အလေအလွင့် နည်းပါးအောင် ချွေတာသုံးစွဲရန် ပြောကြားပြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန စက်မှုတိုင်း (၂) ညွှန်ကြားရေးမှူး ဦးမောင်မောင်ချိုက ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကြောင့် လိုက်လျောညီထွေဖြစ်စေမည့် ရေစီမံခန့်ခွဲမှု စနစ်ကို ပြောင်းလဲဆောင်ရွက်ရန် တောင်သူများကို ဆွေးနွေးမှာကြားသည်။ ဆွေးနွေးပွဲသို့ တောင်ငူ၊ ရေတာရှည်၊ ဆွာ၊ အုတ်တွင်းမြို့နယ်များ အတွင်းရှိ ခပေါင်းဆည်ရေသောက်၊ ပသိဆည်ရေသောက်၊ မင်းရဲဆည်ရေသောက်၊ ရေသိုးဆည်ရေသောက်၊ ကမ်းနီဆည်ရေသောက်၊ ဆွာဆည်ရေသောက်တို့မှ ဆည်ရေ အသုံးချသူများ အဖွဲ့ခေါင်းဆောင် တောင်သူ ၄၂ ဦး တက်ရောက် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကိုမင်း(ပြန်/ဆက်)**

# မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ်နှင့် ရခိုင်ပြည်နယ် ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ လုပ်ငန်းရှင်များအသင်းတို့ပူးပေါင်း၍ ပဲနို့တိုက်ကျွေး

**ဘူးသီးတောင် ဩဂုတ် ၂၁**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့၌ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်နှင့် ရခိုင်ပြည်နယ် ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ လုပ်ငန်းရှင်များ အသင်းတို့ ပူးပေါင်း၍ ပဲနို့တိုက်ကျွေးခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီက အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။ **(ယာပုံ)**



ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်ဝင်းက အမှာစကားပြောကြားပြီး ရခိုင်ပြည်နယ် ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ လုပ်ငန်းရှင်များအသင်း ပြန်ကြားရေးမှူး ဦးနေမင်းထွန်းက ပဲနို့တိုက်ကျွေးရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းသားကျောင်းသူများအား ပဲနို့တိုက်ကျွေးခြင်းများ ဆောင်ရွက်ကြရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အားပေးစကားပြောကြားသည်။

ဆက်လက်၍ အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်း၊ သုစ္စာရုံ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ အလက (ခွဲ) သပြေကုန်းကျောင်းတို့၌ ကျောင်းသား ကျောင်းသူ ၂၀၀၀ တို့အား ပဲနို့တိုက်ကျွေးခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။ **လှကျော် (ပြန်/ဆက်)**

**ကျေးရွာသစ်တော ထင်းမျှောအိမ်တိုင် လှိုင်လှိုင်ရဖို့ စိုက်ပျိုးစို့**

# ဗလငါးတန်ပညာမာန်ဖြင့် အနာဂတ်ပဲ့ကိုင်ရှင်များ ဖြစ်ပါစေ . . .

မိုးကေနိုင်

လူငယ်ဟူသည် လူ့ဘောင်အဖွဲ့အစည်းတစ်ခုမှာ အားကိုးအားထားပြုစရာ လူ့စွမ်းအားအရင်းအမြစ်တစ်ခုဖြစ်သည်။ မည်သည့်ခေတ်၊ မည်သည့်စနစ်ကို ဖြတ်သန်းရသည်ဖြစ်စေ လူငယ်မျိုးဆက်တစ်ခုနှင့် တစ်ခုကြား အတွေးအခေါ်ပိုင်း၊ အတွေ့အကြုံပိုင်း၊ အရည်အသွေးနှင့် ကိုယ်စွမ်းကိုယ်စပိုင်းများမှာ များစွာကွာခြားသွားရန်မသင့်။ ကာယဉာဏ စာရိတ္တစွမ်းရည်များ ချို့တဲ့သွားရန် မသင့်ပါ၊ ကြိုးစားအားထုတ်မှု အခွင့်အလမ်းနှင့် စွမ်းရည်များမှာ တစိုက်မတ်မတ် ဖွံ့ဖြိုးမှုလမ်းကြောင်းပေါ်တွင်သာ ရှိနေရပါမည်။ သို့မှသာ ထိုလူငယ်များ အားကိုးနှင့် ထိုလူငယ်များကိုမှီခိုရာ လူ့အဖွဲ့အစည်းကြီးသည်လည်း ငြိမ်းချမ်းသာယာဝပြော၍ အစဉ်ဖွံ့ဖြိုးတိုးတက်နေမည်ဟု ခံယူထားပါသည်။

**အနာဂတ်အတွက် အားကိုးရမည့်သူများ အနာဂတ်မဲ့မဖြစ်စေလို၍**

နိုင်ငံ့အနာဂတ်အတွက် စွမ်းရည်ပြည့်လူငယ်ရင်းမြစ်များစွာကို ဖော်ထုတ်ပြီး ပုံဖော်ထုဆစ်ပျိုးထောင်နိုင်မှသာ ဆုံးရှုံးသွားသော လူငယ်မျိုးဆက်တစ်ခုကို အစားထိုးဖြည့်ဆည်းပေးရာရောက်ပါမည်။ ပညာသင်ကြားနိုင်ခွင့် အခွင့်အလမ်းများ များစွာဖော်ထုတ်ပေးသော်လည်း လက်ရှိအခြေအနေမှာ အချို့နေရာ၊ အချို့ကျောင်းသားအရွယ် လူမမည်များ ပညာသင်ကြားခွင့် အခွင့်အရေး များစွာဆုံးရှုံးနေရသည်။

သူတို့သည် နိုင်ငံ့အနာဂတ်များဖြစ်ကြသည်ကို မေ့လျော့နေကြသည်မှာ ဝမ်းနည်း ဖွယ်ရာဖြစ်သည်။ တရားဥပဒေစိုးမိုးမှုမရှိခြင်း၊ မငြိမ်းချမ်းခြင်းက အချို့လူငယ်များတွင် အေးချမ်းလုံခြုံမှုမရှိ၊ အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးစေပြီး တစ်ဆက်တည်း လူမှုစီးပွားဘဝများ များစွာပျက်ယွင်းမှုဖြစ်ရသည်။ အချို့လူငယ်များ ပညာတတ်ဘဝကို ဖယ်ခွာလမ်းမှားရောက် လမ်းပျောက်နေကြသည်။ အနာဂတ်အတွက် အားကိုးရမည့်သူများမှာ လက်ရှိအနာဂတ်မဲ့နေကြသည်။

ထို့အတွက် နိုင်ငံတော်က ယနေ့လူငယ်များကို အားထားရမည့် အမြုတေကောင်းများဖြစ်အောင် ပညာတတ်၊ ပညာရှိ၊ ပညာရှင်များစွာပေါ်ထွန်းအောင် အမြော်အမြင်ကြီးစွာဖြင့် ပြုစုပျိုးထောင်ပေးနေခြင်းဖြစ်သည်။ နိုင်ငံအတွက် အကျိုးဖြစ်ထွန်းမည့် ကုန်ထုတ်စွမ်းအားစုများအဖြစ် ဖန်တီးရန် ယနေ့လူငယ်လူရွယ်များကို ကျန်းမာသန်စွမ်းသူများဖြစ်အောင် တည်ဆောက်ပေးလျက်ရှိသည်။

နိုင်ငံတော်နှင့်ထပ်တူ မိဘ၊ ဆရာ ဆရာမများနှင့် ယဉ်ကျေးလူ့အဖွဲ့အစည်းများကလည်း ယနေ့ခေတ်လူငယ်များကို လက်တွဲခေါ်သည်၊ အားပေးသည်၊ ဆုံးမသွန်သင်သည်၊ မြေတောင်မြှောက်ပေးသည်၊ လမ်းမှန်ပြန်ရောက်အောင် တည့်မတ်ထိန်းကျောင်းပေးလျက်ရှိသည်။ တိုးတက်ပြောင်းလဲနေသည့်ခေတ်နှင့် ရင်ပေါင်တန်းနိုင်အောင် ဆောင်ရွက်နေသလို အထိန်းအကွပ်မဲ့မဖြစ်ရအောင်လည်း ထိန်းချုပ်နေရသည်များလည်း ရှိသည်။

အဓိကက ပညာကိုအခြေခံ၍ မိမိတို့ကိုယ်ပိုင် အမျိုးသားယဉ်ကျေးမှု၊ အမျိုးသားရေး ဓလေ့စရိုက်များကို ယုံကြည်မြတ်နိုးစွာဖြင့် ထိန်းသိမ်းစောင့်ရှောက်လိုက်နာကျင့်သုံးကြရန်ပင် ဖြစ်သည်။ စာရိတ္တမဏ္ဍိုင် ခိုင်မာအောင်လည်း လူကြီးများ၊ မိဘဆရာသမားများအနေဖြင့် မပြတ်သွန်သင် ဆုံးမကြပ်မတ်နေဖို့လည်း တာဝန်ရှိသည်။ အတွေးအခေါ် မှန်ကန်စွာဖြင့် ကိုယ့်လူမျိုး၊ ကိုယ့်တိုင်းရင်းသား၊ ကိုယ့်နိုင်ငံကို ချစ်မြတ်နိုးတတ်သည့် မျိုးချစ်စိတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်များ ကိန်းအောင်းရန် အထူးအားပေး တိုက်တွန်းနေရပေမည်။

**ဗလငါးတန်ဖြည့်စွမ်းရန် ဦးတည်ချက်အမှန်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အသစ်ထပ်မံချမှတ်ခဲ့သည့် ဦးတည်ချက် ၉ ရပ်အနက် လူမှုရေးဦးတည်ချက် ၃ ရပ်ဖြစ်သော ပညာကျန်းမာနှင့် လူငယ်ရေးရာ ဦးတည်ချက်များအားလုံးတွင် စွမ်းအားရှင်လူငယ်ထုအတွက် ရင်းနှီးမြှုပ်နှံမှုများ ပါဝင်သည်ကို သတိထားမိသည်။

ပညာရေးအဆင့် ပညာရေးကဏ္ဍတိုင်းမှာ ဘက်စုံပညာရေးအသွင်ဖြင့် လက်လှမ်းမီပါဝင်နိုင်မည့် ပေးထားချက်များအပေါ် ယနေ့လူငယ်များအနေဖြင့် လက်မလွှတ်တမ်း ရယူဆုပ်ကိုင်နိုင်ရန် လိုအပ်ပါသည်။ ထိုသို့ နိုင်ငံတော်၏ ဖန်တီးပေးထားမှုအပေါ် မိဘ၊ ဆရာ၊ ကျောင်းသားပြိုင်တူတွန်းမှသာ ဟန်ချက်ညီညီ ရွေ့လျားနိုင်မည်ဖြစ်သည်။ ပညာသင်နိုင်အောင်၊ အလုပ်လုပ်နိုင်အောင်က သက်ရှည်ကျန်းမာနေဖို့၊ ကျန်းမာကြံ့ခိုင်ဖို့ လိုအပ်သည်။ ပညာရေးအပြင် အားကစားကို ခုံမင်နှစ်သက် အချိန်ပေးရန် မဖြစ်မနေ လိုအပ်ပါမည်။

> ❖ **လက်ရှိဆောင်ရွက်နေမှုများက လူငယ်များ၏ အတွေးအမြင်များကို ပို၍ ဆန်းသစ်လာစေသည်။ လက်တွေ့အလုပ်လုပ်ရာမှာ စွမ်းအားများ ဖြစ်ထွန်းစေသည်။ ပို၍ထိရောက်မှု ရှိရန်အတွက်မူ လူငယ်အားလုံး တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆင်နွှဲကြခြင်းဖြင့် မိမိတို့ လူငယ်များ၏ တာဝန်သိမှု၊ တာဝန်ရှိမှုနှင့် ဘက်စုံစွမ်းရည်များကို ယခုထက်ပို၍ ပြသစေချင်ပါသည်။ ယခုအချိန်တွင် ယနေ့လူငယ်များအနေဖြင့် အနီးစပ်ဆုံး မိမိတို့၏ ရင်သွေးအနာဂတ်မျိုးဆက်များအတွက်ကိုပင် အမြော်အမြင်ရှိရှိ ရည်မှန်းချက်ထား၍ လိုအပ်နေသော စွမ်းရည်များကို ဖြည့်ဆည်းရန် အဆင်သင့်ဖြစ်နေရပေမည်**

ရှေ့ဦးတည်ချက်နှစ်ရပ်ဖြင့် ဗလငါးတန်နှင့် ပြည့်စုံသော အနာဂတ်ရင်းမြစ် လူငယ်များ မွေးဖွားပေးနိုင်စွမ်းမည့် တတိယဦးတည်ချက်ကို ဦးတည်ချမှတ်ထားပါသည်။ ကျစ်လျစ်ခိုင်မာသော ကာယ၊ ဉာဏ၊ ဘောဂ၊ မိတ္တ၊ စာရိတ္တ ဗလငါးတန်သည် ငြိမ်းချမ်းသာယာသော လူ့အဖွဲ့အစည်းအတွက် မဖြစ်မနေတည်ဆောက်ထားရမည့် အခြေခံလိုအပ်ချက်များဖြစ်သည်ကို ဘယ်တော့မှမမေ့အပ်ပါ။ ကျန်းမာသန်စွမ်းသော၊ ဉာဏ်ပညာ ထက်မြက်သော၊ ရှိသင့်ရှိထိုက်သည့် ဥစ္စာဓနနှင့် ပြည့်စုံသော၊ မိတ်ကောင်းဆွေမွန်ပေါများသော၊ ကိုယ်ကျင့်တရားကောင်းသော လူငယ်များ ဖြစ်ထွန်းရာ ဝန်းကျင်တစ်ခုသည် အလွန်တရာနေချင့်စဖွယ် ဖြစ်ပါမည်။ စိန်ခေါ်မှုများနှင့် ပြည့်နှက်နေသော လူ့အဖွဲ့အစည်းမှာ မှီခိုအားထားရာ မဏ္ဍိုင်တစ်ခုအဖြစ် လူငယ်များကို အားကိုးအားထားပြုသည့်အတွက် ထိုလူမှုရေးဦးတည်ချက်များအားလုံးသည် ယနေ့ခေတ်လူငယ်များ၏ အလုံးစုံလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့် ဦးတည်ချက်များအဖြစ် အဓိပ္ပာယ်လေးနက်ပြီး ပြီးပြည့်စုံသည်ဟု မှတ်ယူမိပါသည်။

**အနာဂတ်အာမခံချက်များ**

မင်္ဂလာတရားနှင့် ညီညွတ်သော ဗလငါးတန်ဟူသည် အများအကျိုးကို ဆောင်ပါသည်။ ဖွံ့ဖြိုးသော လူ့အဖွဲ့အစည်းအဖြစ်လည်း ကမ္ဘာ့အလယ်တွင် ကြာရှည်ရပ်တည်နိုင်ပါသည်။ နိုင်ငံနှင့်ပြည်သူတို့ လိုလားသော စနစ်သစ်၊ ခေတ်သစ်များ တည်ထောင်ရာတွင်လည်း ကြီးစွာအထောက်အကူပြုပါသည်။ ထို့ကြောင့် မည်သည့်အခက်အခဲ၊ မည်သည့်စိန်ခေါ်မှုကိုမဆို လူငယ်ထု၏ စွမ်းပကားဖြင့် ဖြေရှင်းသွားနိုင်ပါလိမ့်မည်ဟု ယုံကြည်ပါသည်။

ဆိုလိုသည်မှာ ချမှတ်ထားသော လူမှုရေးဦးတည်ချက်များဖြင့် အရေးပါ အရာရောက်လာမည့် လူငယ်များသည် နိုင်ငံတော်က ချမှတ်ထားသော နိုင်ငံရေး၊ စီးပွားရေး ဦးတည်ချက်များ အောင်မြင်စွာဖော်ဆောင်ရေးတွင်လည်း ရှေ့တန်းက အမာခံအင်အားများအဖြစ် ရပ်တည်လာနိုင်မည်ဟု ခံယူထားခြင်းပင်ဖြစ်သည်။ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ၊ ဖက်ဒရယ်ပြည်ထောင်စုစသည်ဖြင့် နိုင်ငံ၏လက်ရှိ ပကတိအခြေအနေများနှင့် ကိုက်ညီပြီး ဖြစ်သင့်ဖြစ်ထိုက်သော အရာအားလုံးအတွက်လည်းကောင်း၊ ထာဝရငြိမ်းချမ်းရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက်လည်းကောင်း၊ အသိအတတ်ပညာကို အခြေခံသည့် စီးပွားရေးကို စိတ်အားထက်သန်စွာ လုပ်ကိုင်ကြစေရန်အတွက်လည်းကောင်း ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များကိုသာ ခိုင်မာသော အာမခံချက်တစ်ခုအဖြစ် မှတ်ယူထားပါသည်။

**ချမှတ်ထားသော လူငယ်မူဝါဒများနှင့် အညီ**

နိုင်ငံတော်အနေဖြင့် ယနေ့လူငယ်များကို အရည်အချင်းပြည့်ဝသော နိုင်ငံ့သားကောင်းများ ဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်ပေးနေသည်။ ပစ္စုပ္ပန်အတွက်ကော အနာဂတ်အတွက်ပါ ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်သည်။ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနဟူ၍ သီးခြားခွဲထုတ်သတ်မှတ်ပြီး လူငယ်ရေးရာကော်မတီများဖွဲ့စည်း၍ လူငယ်ရေးရာမူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် လူငယ်မူဝါဒများ၊ ရည်မှန်းချက်များ ပို၍ထိရောက်အောင်မြင်လာမည်ဖြစ်ပါသည်။

ချမှတ်ထားသော မူဝါဒများသည် ပညာရေး၊ ကျန်းမာရေး၊ မူးယစ်အန္တရာယ်၊ အလုပ်အကိုင်အခွင့်အလမ်း၊ စီးပွားရေး၊ နိုင်ငံရေး၊ သုတေသနသိပ္ပံနှင့် နည်းပညာ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု နိုင်ငံတကာဆက်ဆံရေးနယ်ပယ်စသည့် အားလုံးသော ကဏ္ဍများတွင် အကျုံးဝင်အောင် ချမှတ်ထားသည်။ ထို့ကြောင့် မူဝါဒနှင့်အညီ ယနေ့ဆောင်ရွက်ပေးနေသော လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲများ၊ လူငယ်စကားဝိုင်းများ၊ လူငယ်နှင့်စာပေအနုပညာပြပွဲများ၊ လူငယ်ငြိမ်းချမ်းရေးစကားဝိုင်းများ၊ ကျောင်းသားအားကစားပွဲများ၊ နွေရာသီအားကစားသင်တန်းများ၊ အာဆီယံနှင့် ဒေသတွင်း လူငယ်ဆိုင်ရာ နိုင်ငံတကာအစည်းအဝေးများတွင် တက်ရောက်ဆွေးနွေးခြင်း စသည့်လှုပ်ရှားမှုအားလုံးသည် ထိရောက်ထက်မြက်လျက်ရှိသည်ဟု ဆိုရမည်ဖြစ်ပါသည်။

လက်ရှိဆောင်ရွက်နေမှုများက လူငယ်များ၏ အတွေးအမြင်များကို ပို၍ဆန်းသစ်လာစေသည်။ လက်တွေ့အလုပ်လုပ်ရာမှာ စွမ်းအားများဖြစ်ထွန်းစေသည်။ ပို၍ထိရောက်မှု ရှိရန်အတွက်မူ လူငယ်အားလုံး တက်တက်ကြွကြွပူးပေါင်း ပါဝင်ဆင်နွှဲကြခြင်းဖြင့် မိမိတို့ လူငယ်များ၏ တာဝန်သိမှု၊ တာဝန်ရှိမှုနှင့် ဘက်စုံစွမ်းရည်များကို ယခုထက်ပို၍ ပြသစေချင်ပါသည်။ ယခုအချိန်တွင် ယနေ့လူငယ်များအနေဖြင့် အနီးစပ်ဆုံး မိမိတို့၏ ရင်သွေးအနာဂတ်မျိုးဆက်များအတွက်ကိုပင် အမြော်အမြင်ရှိရှိ ရည်မှန်းချက်ထား၍ လိုအပ်နေသော စွမ်းရည်များကို ဖြည့်ဆည်းရန် အဆင်သင့်ဖြစ်နေရပေမည်။

မိဘများအနေဖြင့် မိမိတို့၏ သားသမီးအရွယ်လူငယ်များကို ရည်မှန်းချက်ကြီးကြီးဖြင့် ဂရုတစိုက်ပြုစုပျိုးထောင်နေခြင်းသည်ပင် နိုင်ငံ၏အမျိုးသားရေးကိစ္စတွင် ပါဝင်ထမ်းရွက်နေခြင်းမည်ပါ၏။ လူငယ်များအနေဖြင့် မိမိတို့ အခြေခံပညာရေးကို စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုအသက်မွေးဝမ်းကျောင်းပညာရပ်များနှင့်လည်း ချိတ်ဆက်သင်ယူကြခြင်းဖြင့် လိုအပ်နေသော အလုပ်အကိုင်အခွင့်အလမ်းကို ကိုယ်ကိုယ်တိုင် ဖန်တီးယူရာရောက်ပါမည်။

စားသောက်ကုန်၊ လူသုံးကုန်၊ စက်မှုလက်မှု၊ ကွန်ပျူတာခေတ်ပုံ စသည်ဖြင့် ဒေသနှင့် လျော်ညီသော သင်တန်းအမျိုးအစားများစွာသည် မိမိတို့အတွက် အလုပ်အကိုင် အခွင့်အလမ်းများအဖြစ် ဖိတ်ခေါ်နေသည်ကို ရှာဖွေနိုင်စွမ်းရှိရပါမည်။ တစ်နည်းအားဖြင့် နိုင်ငံလူဦးရေ၏ သုံးပုံ တစ်ပုံကို ကိုယ်စားပြုသော အသက် ၁၅ နှစ်မှ ၃၅ နှစ်ကြား မြန်မာလူငယ်ထု၏ အခန်းကဏ္ဍကို မြှင့်တင်ပေးနေခြင်းပင်ဖြစ်၍ လူငယ်ထုကို ပို၍အားထားပြီး လူငယ်နှင့်လူကြီးအကြား မျိုးဆက်မပြတ်စေရန် အားထုတ်နေခြင်းလည်းဖြစ်ပါသည်။

ယနေ့ကမ္ဘာ့ပြဿနာများနှင့်အတူ တွဲ၍ပါလာသော စိန်ခေါ်မှုများ၊ တူညီသော ဘုံပြဿနာများကို မြန်မာအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများက လူငယ်ထုအများစု ကြုံတွေ့ရင်ဆိုင်နေရဆဲဖြစ်သည်။ အရေးအရာအားလုံးတွင် လူငယ်ထုကြီးကို ပူးပေါင်းပါဝင်ဖြေရှင်းစေလို၍လည်း နိုင်ငံတော်အဆင့်၊ ဒေသဆိုင်ရာအဆင့် လူငယ်ရေးရာအဖွဲ့များကို ဖွဲ့စည်းလမ်းဖွင့်ပေးထားခြင်းဖြစ်သည်။ လူငယ်များကို ပိုမိုပါဝင်လာကြရန် ဖိတ်ခေါ်ပါသည်။ နိုင်ငံနှင့်လူမျိုးအတွက် တန်ဖိုးရှိရှိ တာဝန်ကျေပွန်စေချင်၍ဖြစ်သည်။

**လူငယ်များအနေဖြင့် မိမိတို့၏ သဘောထားအမြင်များကို ဦးနှောက်နှင့်ခံယူပြီး မိမိအကျိုး၊ အများအကျိုးကို ယခုထက်ထမ်းပိုးဆောင်ရွက်ရန် အသင့်ရှိနေပြီဟုလည်း ယုံကြည်ပါသည်။ ထို့အတွက် လူငယ်များကို တိုက်တွန်းချင်သည်က ပညာကိုသာ အခြေခံပြီး လက်တွေ့နယ်ပယ်မှာ မိမိပညာကို အသုံးချဖြစ်အောင်ချပါ၊ အတွေ့အကြုံများ များ ရယူ၍ ကိုယ်ရည်ကိုယ်သွေးကို ပိုမိုတည်ဆောက်ပါ၊ ပျက်အစဉ်ပြင်ခဏ ယူတတ်လျှင် သင်ခန်းစာချည်းဖြစ်၍ မိမိတို့ဘဝတွေကို ပိုတိုးတက်အောင်ကြိုးစားပြီး ဖွံ့ဖြိုးသည့် လူ့အဖွဲ့အစည်းကို ဖန်တီးရာမှာ ပါဝင်နိုင်သူများ ဖြစ်ကြပါစေကြောင်း ရေးသားလိုက်ရပါသည်။** ။

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ပါမောက္ခချုပ်ဆရာတော်ကြီးနှင့် ဖားအောက်တောရ ဗုဒ္ဓသာသနာ့ရိပ်သာ (ပြင်ဦးလွင်) ဆရာတော်ကြီးတို့ကို ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာများ လျှောက်ထားကာ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူ

**မန္တလေး ဩဂုတ် ၂၁**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် အောင်ချမ်းသာကျေးရွာ ဓမ္မသဟာယသာသနစင်တာ မဟာသုဗောဓာရုံကျောင်းတိုက်ကြီးများ၏ ပဓာနနာယက၊ ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသ မထေရ်မြတ်နှင့် နိုင်ငံတော် ဩဝါဒါစရိယ ဖားအောက်တောရ ဗုဒ္ဓသာသနာ့ရိပ်သာ (ပြင်ဦးလွင်) ဆရာတော် ဘဒ္ဒန္တအာစိဏ္ဏ မထေရ်မြတ်တို့ သီတင်းသုံးရာ ကျောင်းတိုက်များသို့ သွားရောက်၍ သာသနာရေး ဆိုင်ရာများ လျှောက်ထားကာ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

**ကွယ်ပျောက်ရန်မရှိ**

ထို့နောက် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသ မထေရ်မြတ်က ဗုဒ္ဓဘာသာ မြန်မာနိုင်ငံတော်တွင် ပိဋကတ် သုံးပုံ၊ ပါဠိတော် အုပ်ရေ ၄၀ ကို ကျောက်စာချပ်များပေါ် ကျောက်ထက် အက္ခရာတင် ထိန်းသိမ်းထားခြင်း၊ ပရိယတ္တိသာသနာတော်၏ အဓိကအရင်းအမြစ်ဖြစ်သည့် ပရိယတ္တိစာပေများ သင်ကြားမှု၊ သင်ယူမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိခြင်း၊ ဓမ္မာစရိယ စာမေးပွဲ၊





တိပိဋကစာမေးပွဲများ ကျင်းပပေးလျက်ရှိခြင်း ပိဋကတ် သုံးပုံ၊ အုပ်ရေ ၄၀၊ စာမျက်နှာ ၁၅၀၀၀ ကျော်၊ အဋ္ဌကထာ ၅၂ အုပ်၊ ဋီကာ ၂၆ အုပ်တို့ကို စဉ်ဆက်မပြတ် သင်ကြားပို့ချသည့် စာသင်တိုက်ကြီးများ ရှိနေခြင်းကြောင့် ပရိယတ္တိသာသနာ ကွယ်ပျောက်ရန်မရှိကြောင်း။

ပိဋကတ် စာပေများနှင့်ပတ်သက်၍ လေ့လာသင်ယူရုံသာမက ဗုဒ္ဓတရားတော်များသည် Applied Method ဖြင့် လိုက်နာကျင့်သုံး အသုံးချရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံရှိ ရဟန်းသံဃာတော်များသည် အဘိဓမ္မာနှင့် ပါဠိကျွမ်းကျင်သည့်အတွက် ပြည်ပ ရဟန်းတော်များက လေးစား ကြည်ညိုကြကြောင်း၊ ပြည်ပရှိ ဗုဒ္ဓဘာသာဘုန်းတော်ကြီး ကျောင်းများကို မပျောက်ပျက်ရလေအောင် ပြည်ပနိုင်ငံများ၏ အစဉ်အလာ ဥပဒေများကို နားလည်ထားမည်ဆိုပါက ဆက်လက် ထိန်းသိမ်းစောင့်ရှောက်နိုင်မည်ဖြစ်ကြောင်း မိန့်ကြားခဲ့သည်။

**ဩဝါဒခံယူ**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် နိုင်ငံတော် ဩဝါဒါစရိယ ဖားအောက်တောရ ဗုဒ္ဓသာသနာ့ရိပ်သာ (ပြင်ဦးလွင်) ဆရာတော်ကြီး ဘဒ္ဒန္တအာစိဏ္ဏ မထေရ်မြတ်ကြီး သီတင်းသုံးရာ ကျောင်းတိုက်သို့ သွားရောက်၍ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဆရာတော်ကြီးထံမှ ဩဝါဒခံယူသည်။

**သတင်းစဉ်**

## နယ်စပ်ရေးရာဝန်ကြီးဌာနမှ ချင်းပြည်နယ် ပလက်ဝမြို့ တောင်တန်းသာသနာပြု ဗဟိုဘုန်းတော်ကြီးကျောင်းသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၁**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ချင်းပြည်နယ်အတွင်း ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများရှိ သံဃာတော်များနှင့် သီလရှင်များ ဝါတွင်းကာလ ဆွမ်း၊ ကွမ်း အဆင်ပြေစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးကို စဉ်ဆက်မပြတ် ဆက်ကပ်လှူဒါန်းလျက်ရှိသည်။



ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့နံနက်ပိုင်းက ပလက်ဝမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးဖွေဟုန်းနှင့် ဝန်ထမ်းများက ချင်းပြည်နယ် ပလက်ဝမြို့ တောင်တန်းသာသနာပြု ဗဟို ဘုန်းတော်ကြီးကျောင်းရှိ ရဟန်း၊ သာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ အမယ်လေးမျိုးတို့ကို ဆက်ကပ် လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြောက်ဦးခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်း သင်တန်းဖွင့်လှစ်

**မြောက်ဦး ဩဂုတ် ၂၁**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ဖွင့်လှစ်သင်ကြား ပို့ချသော အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်း (ပထမအကြိမ်) ကို ဩဂုတ် ၁၈ ရက်မှစတင်၍ မြောက်ဦးမြို့နယ် မောင်ရှိကန် ကျေးရွာ၌ ပြုလုပ်သည်။

အဆိုပါ သင်တန်းကို မြောက်ဦးခရိုင် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ပန်းကြာမုံက လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးရေး စီမံကိန်းတွင် ကျေးလက်နေပြည်သူများ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာစေရန်နှင့် ကျောင်းပြင်ပရောက်ရှိနေသော ကလေးများအား မိမိဘဝရပ်တည်နိုင်ရန်၊ မိသားစုဝင်ငွေတိုးတက်ရန်၊ အန္တရာယ်ရှိသော အလုပ်အကိုင်များတွင် ကလေးအလုပ်သမားများ ပပျောက်စေရန်နှင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောသည်။

ထို့နောက် သင်တန်းနည်းပြက အင်ဂျင်အစိတ်အပိုင်း ပြုပြင်နည်းများ၊ မော်တော်ဆိုင်ကယ်ကိုယ်ထည် ပြုပြင်တပ်ဆင်နည်းများကို သင်ကြားပေးမည်ဖြစ်၍ သင်တန်းကာလမှာ ဩဂုတ် ၁၈ ရက်မှ စက်တင်ဘာ ၁၆ ရက်အထိ တစ်လကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပြီး သင်တန်းပြီးမြောက်ပါက ထူးချွန်သူ ငါးဦးကို ရွေးချယ်၍ နိုင်ငံတော်မှ တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းနှင့် ညီမျှသော ထောက်ပံ့ပစ္စည်းများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်စိုး(ပြန်/ဆက်)**

**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ**

## မြန်မာနိုင်ငံပင်လယ်ကူး သင်္ဘောသားများ ချေးငွေရယူနိုင်

**ရန်ကုန် ဩဂုတ် ၂၁**

မြန်မာနိုင်ငံပင်လယ်ကူး သင်္ဘောသားများ အလုပ်သမားများအဖွဲ့ချုပ် (MSF) က ကြီးမှူး၍ ပင်လယ်ကူး သင်္ဘောသားများ ချေးငွေရယူနိုင်မည့် ရှင်းလင်းပွဲကို ဩဂုတ် ၁၈ ရက်က ကျောက်တံတားမြို့နယ် ၃၇ လမ်းရှိ မြန်မာနိုင်ငံပင်လယ်ကူး သင်္ဘောသားများ အလုပ်သမားများအဖွဲ့ချုပ် (MSF) ၌ကျင်းပရာ ပင်လယ်ကူးသင်္ဘောသားများနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံပင်လယ်ကူး သင်္ဘောသားများ အလုပ်သမားများအဖွဲ့ချုပ် (MSF) ဥက္ကဋ္ဌ ကပ္ပတိန် စိုးမင်းအောင်က ပြောကြားရာတွင် အာမခံပစ္စည်းထားရန် မလိုအပ်ဘဲ ငွေကျပ်သိန်း ၁၀၀ အထိ သက်သာသော အတိုးနှုန်းဖြင့် ချေးငွေရယူနိုင်မည့် အစီအစဉ်ကို ရိုးမဘဏ်မှ ရှင်းလင်းဆွေးနွေးမည်ဖြစ်ရာ တက်ရောက်လာကြသည့် သင်္ဘောသားများနှင့် မိသားစုဝင်များက မှတ်သားထားပြီး မိမိတို့ ရရှိမည့် လုပ်ခလစာနှင့် တွက်ဆကာ ချင့်ချိန်၍ ချေးငွေရယူပြီး ပြန်လည်ပေးဆပ်ရန်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် ရိုးမဘဏ်မှ မန်နေဂျာ ဦးကျော်ကျော်မြင့်က သင်္ဘောသားများနှင့် မိသားစုဝင်များအတွက် နေ့စဉ်လိုအပ်ချက် ကိုယ်ရေးကိုယ်တာနှင့် အသေးသုံးငွေကြေး လိုအပ်ချက် ရှိပါက အာမခံပစ္စည်းထားရန်မလိုအပ်ဘဲ ငွေကျပ် ၁၅ သိန်းမှ ငွေကျပ်သိန်း ၁၀၀ အထိ သက်သာသော အတိုးနှုန်းဖြင့် ချေးငွေရယူနိုင်မည်ဖြစ်ကြောင်း၊ သင်္ဘောသား အလုပ်အကိုင်ရှာဖွေရေးနှင့် ခန့်အပ်ရေး ဝန်ဆောင်မှုလုပ်ငန်းများ (SRPS) မှတစ်ဆင့် မိမိတို့၏ အလုပ်ရှင်မှ ရရှိမည့် လစာကို ရိုးမဘဏ်တွင် ငွေစာရင်း ဖွင့်လှစ်ထားရှိပြီး ထုတ်ယူပါက ချေးငွေရယူနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

**မျိုးမင်းသူရ**

## ရေစကြိုမြို့နယ်၌ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အသိပညာပေးဆွေးနွေး

**ရေစကြို ဩဂုတ် ၂၁**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်အတွင်း အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အသိပညာပေးဆွေးနွေးပွဲကို ဩဂုတ် ၁၈ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် မြို့နယ်အဆင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ခေါင်းဆောင် ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းမင်းလတ်က အမှာစကားပြောကြားပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့်ပတ်သက်၍ ပြည်သူလူထု ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေး အသိပညာပေး ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းစဉ်များကို ဆွေးနွေးသည်။ ထို့နောက် အဖွဲ့ဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ရန်နိုင်ဝင်းက အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အရေးယူဆောင်ရွက်မှု လုပ်ငန်းစဉ်များ၊ အဖွဲ့ဝင် မြို့နယ်ဥပဒေအရာရှိ ဦးသန့်ဇင်အောင်က အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ ဥပဒေကိစ္စရပ်များကို ဆွေးနွေးသည်။ ဆွေးနွေးပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်သည်။

**မောင်လုလင် (ရေစကြို)**

# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ထမ်းသက်သာအရောင်းဆိုင်ဖွင့်



**နေပြည်တော် ဩဂုတ် ၂၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရှိ ဝန်ထမ်းများအတွက် အခြေခံစားသောက်ကုန်များကို ဈေးနှုန်းချိုသာစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ရည်ရွယ်၍ ဖွင့်လှစ်သည့် ဝန်ထမ်းသက်သာအရောင်းဆိုင်ဖွင့်ပွဲကို ယနေ့ နံနက် ၁၀ နာရီက အဆိုပါဝန်ကြီးဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ဝန်ထမ်းသက်သာအရောင်းဆိုင်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဆိုင်အတွင်း လှည့်လည်ကြည့်ရှုသည်။ **(ယာပုံ)** အဆိုပါ အရောင်းဆိုင်တွင် ဝန်ထမ်းများအနေဖြင့် ဆန်၊ ဆီ၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ အာလူး၊ ကုလားပဲခြမ်း၊ ကြက်ဥ၊ ငရုတ်၊ ဆား အစရှိသော အခြေခံစားသောက်ကုန်များကို ပြင်ပဈေးနှုန်းထက် သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်မည်ဖြစ်သည့်အပြင် ရေထွက်ကုန်ပစ္စည်းများနှင့် အခြားစားသောက်ကုန်များကိုပါ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူရရှိနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ဝန်ထမ်းသက်သာအရောင်းဆိုင် ဖွင့်ပွဲအခမ်းအနားသို့ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်စွာအောင်မြင်ခဲ့သည့် ပညာရေးဝန်ထမ်း သား/သမီးများအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၁**

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ပညာရေးဝန်ထမ်းသား/သမီးများအား ဂုဏ်ပြုဆုချီးမြှင့်သည့်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ရုံးအမှတ် ၁၃ အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ၊ ဆုရကျောင်းသား ကျောင်းသူများ၊ မိဘများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဂုဏ်ပြုထိုက်သူကိုချီးမြှောက်**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက **“ဂုဏ်ပြုချီးမြှင့်ခြင်း”** ဆိုသည်မှာ အများထက် သာလွန်သည့် ထူးချွန်ထက်မြက်မှုများ၊ ကြိုးစားအားထုတ်မှုများ စသော ဂုဏ်ထူးဝိသေသများနှင့် ပြည့်စုံသူများကို အသိအမှတ်ပြုပြီး ခမ်းခမ်းနားနား ချီးမြှင့်ပေးခြင်းဖြစ်ကြောင်း၊ မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာတွင်လည်း ဂုဏ်ပြုထိုက်သူကို ချီးမြှောက်ခြင်းသည် မင်္ဂလာတစ်ပါး ဖြစ်ကြောင်း၊ **“ထူးချွန်ထက်မြက်သူ”** ဆိုသော ဂုဏ်ပုဒ်ကိုရရန် ရည်မှန်းချက်မြင့်မား၍ ကိုယ်တိုင်ကြိုးစားအားထုတ်လိုစိတ် ရှိရမည်ဖြစ်ပြီး ပတ်ဝန်းကျင်ကို အမြဲစူးစမ်းလေ့လာ၍ ပကတိအခြေအနေထက်သာလွန်အောင် ဆောင်ရွက်လိုစိတ်ရှိရမည်ဖြစ်ကြောင်း၊ ယနေ့ အခမ်းအနားကို တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများသည် အဆိုပါအရည်အချင်းများနှင့် ပြည့်စုံကြသူများဖြစ်၍ ယခုကဲ့သို့ ဂုဏ်ပြုရခြင်းဖြစ်ကြောင်း၊ ထို့ပြင် ပညာရေးလုပ်ငန်းများတွင် တာဝန်ကျေပွန်စွာ ထမ်းဆောင်နေကြသည့် ပညာရေးဝန်ထမ်းများကို ဂုဏ်ပြုသည့်အနေဖြင့် ကျင်းပပေးခြင်း ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းတေးသီချင်းဖြင့် ဖျော်ဖြေကြသည်။

**ဆုများပေးအပ်ချီးမြှင့်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ခြောက်ဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများကို ဆုများပေးအပ်ချီးမြှင့်ပြီး **(ဝဲပုံ)** ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများက ဂုဏ်ထူးဖြင့် အောင်မြင် ခဲ့သည့် ကျောင်းသား ကျောင်းသူများကို ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက “ဘက်စုံပညာရည် တို့လှမ်းချီ” တေးသရုပ်ဖော်ဖြင့် ဖျော်ဖြေကြပြီး ဆုရကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

**တေးသီချင်းဖြင့်ဖျော်ဖြေ**

ထို့နောက် အမှတ်(၆)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက “ဇာတိမာန်” တေးသီချင်းဖြင့် ဖျော်ဖြေကြပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

**၂၂၄၅ ဦး အောင်မြင်**

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ပညာရေးဝန်ထမ်းသားသမီး ၂၂၄၅ ဦး အောင်မြင်ခဲ့ပြီး ခြောက်ဘာသာဂုဏ်ထူးရှင် ၁၄ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၃၇ ဦး၊ လေးဘာသာ ဂုဏ်ထူးရှင် ၆၄ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၉၉ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၂၂၁ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၅၀၂ ဦးနှင့် ရိုးရိုးအောင်မြင်သူ ၁၂၀၈ ဦး ရှိပြီး ယနေ့ အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန၌ လက်ရှိတာဝန် ထမ်းဆောင်နေသည့် ဝန်ထမ်းများအပြင် သက်ပြည့်အငြိမ်းစားနှင့် ကွယ်လွန်သူများ၏ သား/သမီးများကိုပါ ဂုဏ်ထူးတစ်ဘာသာလျှင် ငွေကျပ်တစ်သိန်းနှုန်း၊ ရိုးရိုးအောင်မြင်သူ တစ်ဦးလျှင် ငွေကျပ် ငါးသောင်းနှုန်းဖြင့် ချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းမှ နှစ်ဆတိုးထုတ်လုပ်နိုင်ရေး ကြိုးပမ်း

**နေပြည်တော် ဩဂုတ် ၂၁**

တရားမဝင် ဖမ်းဆီးခြင်းအပါအဝင် သဘာဝဂေဟစနစ်ကို ထိခိုက်စေမည့် ငါးဖမ်းနည်းများ အသုံးပြုခြင်းနှင့် မြန်မာ့ရေသယံဇာတများ ပျက်သုဉ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာလုပ်ငန်းများတွင် သက်ဆိုင်သူအားလုံးက တာဝန်သိစိတ်ဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန်လိုကြောင်း ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးက ပြောကြားသည်။



**ပူးပေါင်းဆောင်ရွက်**

ဆက်လက်၍ ဒုတိယဝန်ကြီးက သဘာဝမြစ်ချောင်းများ၊ ဆည်ကန်များတွင် အကြောင်းအမျိုးမျိုးကြောင့် လျော့နည်းလာသော ငါးသယံဇာတများ ပြန်လည်ဖြည့်တင်းပေးနိုင်ရန်နှင့် အာဟာရပြည့်ဝသော ငါးအသားရိက္ခာကို ပြည်သူများဖူလုံစွာ စားသုံးနိုင်ကြစေရန် ငါး၊ ပုစွန်မွေးမြူခြင်းလုပ်ငန်းမှ နှစ်ဆတိုးထုတ်လုပ်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ စားသုံးသူဘေးကင်းလုံခြုံရေးနှင့် ပြည်ပပို့ကုန်အရည်အသွေး ပြည့်ဝရေးကို လုပ်ငန်းရှင်များဘက်က တိကျစွာ လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးနှင့် ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေး (GAqP) ကျင့်စဉ်လိုက်နာကျင့်သုံးမှု ပိုမိုကျယ်ပြန့်လာစေရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး လုပ်ငန်းရှင်များ၏ တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် ဒုတိယဝန်ကြီးသည် အင်းစိန်မြို့နယ် ကြို့ကုန်းရှိ အရှေ့တိုင်းစွမ်းအား အပြည်ပြည်ဆိုင်ရာလီမိတက်၏ ငါး၊ ပုစွန် သိုလှောင်အေးခဲခြင်းနှင့် ပြည်ပို့ကုန် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။

ညနေပိုင်းတွင် ပြည်လမ်း(၉) မိုင်ရှိ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၉) အစည်းအဝေးခန်းမ၌ တိုင်းအဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လယ်ယာကဏ္ဍကို အခြေခံသည့် နိုင်ငံတော်၏ အသားတင် ထုတ်လုပ်မှုတန်ဖိုး တိုးတက်ရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာရေးနှင့် ပုဂ္ဂလိကကဏ္ဍ၏ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်နိုင်ရေးအတွက် ဦးစီးဌာနအလိုက် တာဝန်ရှိသူများအနေဖြင့် နိုင်ငံရေးအမြင်၊ စီးပွားရေးအမြင်များ ထားရှိကြိုးပမ်းကြစေလိုကြောင်း တိုက်တွန်းပြောကြားပြီး ဌာနအလိုက် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်ချက်များ ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်

**နေပြည်တော် ဩဂုတ် ၂၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်း အမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကို လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများဖြင့် ဝင်ရောက်လာသူများကို ဆုကြေးငွေများ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားရှိပြီး ဖြစ်သည်။

ယနေ့မွန်းလွဲပိုင်းတွင်လည်း ပြစ်မှုကျူးလွန်ခြင်းမရှိသော PDF အဖွဲ့မှ အလင်းဝင်ရောက်လာသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းနှင့် နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် လက်နက်၊ ခဲယမ်းများ ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ခြင်းကို အနောက်တောင်တိုင်းစစ်ဌာနချုပ် ဧရာဝတီခန်းမ၌ ပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်ခိုင်နှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လုံခြုံရေး တပ်ဖွဲ့ဝင်များ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အမှာစကား ပြောကြားပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိသော ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်၊ ဟသ်ာတမြို့နယ်၊ မြောင်းမြမြို့နယ်၊ ကြံခင်းမြို့နယ်၊ ဘိုကလေးမြို့နယ်နှင့် ဟိုင်းကြီးကျွန်းမြို့တို့မှ PDF အဖွဲ့ဝင် အမျိုးသား ရှစ်ဦးနှင့် အမျိုးသမီး နှစ်ဦးတို့ကို ဝန်ခံကတိ လက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးပြီး ထောက်ပံ့ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။ **(ယာပုံ)**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် လက်နက်၊ ခဲယမ်းများ ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူပြီး ခန်းမအတွင်း ခင်းကျင်းပြသထားသည့် နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည့် လက်နက်၊ ခဲယမ်းများအား ကြည့်ရှုကြသည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိခြင်းကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း သန်းခေါင်စာရင်းယူနစ်များ ဖွဲ့စည်းခြင်းလုပ်ငန်း သင်တန်းဖွင့်ပွဲတက်ရောက်

**စစ်တွေ ဩဂုတ် ၂၁**

ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရခိုင်ပြည်နယ်ဦးစီးမှူးရုံး၌ ကျင်းပသော သန်းခေါင်စာရင်း ယူနစ်များ (Census Unit) ဖွဲ့စည်းခြင်းလုပ်ငန်း သင်တန်းဖွင့်ပွဲသို့တက်ရောက်ပြီး ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ပြည်နယ် တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီ အဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။




သင်တန်းဖွင့်ပွဲ၌ ပြည်နယ်ဝန်ကြီးချုပ်က ရခိုင်ပြည်နယ်တွင် ယခုသင်တန်းဖွင့်လှစ်ပြီး မြို့နယ်များသို့ ကွင်းဆင်းကာ ပြည်သူ့အင်အားဦးစီးဌာနမှ ဝန်ထမ်းများ၊ ဒေသခံ လဝကဝန်ထမ်းများနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်းကာ လုပ်ငန်းစဉ်အောင်မြင်ရေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းနှင့် သင်တန်းသို့ တက်ရောက်လာကြသည့် ခရိုင်နှင့် မြို့နယ်ဦးစီးမှူးများ အားလုံး စိတ်ဝင်တစား တက်ရောက်ကြရန်နှင့် လုပ်ငန်းစဉ်များ အောင်မြင်ရန် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် အမှာစကား ပြောကြားသည်။ **(အပေါ်ယာပုံ)**

ထို့နောက် သင်တန်းနည်းပြ ပြည်သူ့အင်အား ဦးစီးဌာန(ရုံးချုပ်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လင်းလင်းမာက သန်းခေါင်စာရင်းလုပ်ငန်းစီမံချက်အား ရှင်းလင်းတင်ပြသည်။ အဆိုပါ သင်တန်းသို့ ပြည်နယ်အတွင်းရှိ ခရိုင် ခုနစ်ခုမှ သင်တန်းသား၊ သင်တန်းသူ ၄၀ တက်ရောက်ကြပြီး ပြည်သူ့အင်အား ဦးစီးဌာန (ရုံးချုပ်) မှ သင်တန်းနည်းပြများက ပို့ချပေးသွားမည်ဖြစ်သည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ပြည်နယ် တည်ဆောက်ရေး လုပ်ငန်းစိစစ်ရေး ကော်မတီ အဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အဦများ ဆောက်လုပ်ခြင်းသည် အရေးပါသည့် လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ အရေးပါသည့် တည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေးပြည့်မီစေရေး အတွက်စစ်ဆေး၊ ကြပ်မတ်ဆောင်ရွက်နိုင်ရန် တည်ဆောက်ရေး လုပ်ငန်းများကို လုပ်ငန်းအမျိုးအစား အလိုက် ဆောက်လုပ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားရှိသော စံချိန်စံညွှန်းများနှင့်အညီ ဖြစ်စေရေး စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ တည်ဆောက်ရေးကုမ္ပဏီများက တင်ဒါတင်သွင်းသည့်အချိန်တွင် တင်ပြထားသော ခန့်မှန်းခြေစာရင်းပါ လုပ်ငန်းသုံးပစ္စည်းများ အရည်အသွေး ကောင်းမွန်စေရေးနှင့် အတိုင်းအတာ၊ အရွယ်အစား မှန်ကန်စေရေး၊ ဒီဇိုင်းများအတိုင်း စံချိန်စံညွှန်းမီစွာ စစ်ဆေး ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်တည်ဆောက်ရေး လုပ်ငန်းစိစစ်ရေးကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး သက်လွင်က လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ် လုပ်ငန်းအတွေ့အကြုံများနှင့် ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာရေးနှစ် ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးများ၊ အစိုးရအဖွဲ့အတွင်းရေးမှူးတို့က ဖြည့်စွက်အကြံပြု ဆွေးနွေးတင်ပြကြသည်။ တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# Digital Museum နှင့် Pagoda Digital Directory အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၂၁**

Digital Museum နှင့် Pagoda Digital Directory အကောင်အထည်ဖော် ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားပြတိုက် (နေပြည်တော်) ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဒေါ်နုမြဇံ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ အရာထမ်း/အမှုထမ်းများ၊ Digital Museum အခြေခံ သင်တန်း တက်ရောက်နေကြသော သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဒေါ်နုမြဇံက ပြတိုက်နှင့် စာကြည့်တိုက်များကို ခေတ်မီနည်းပညာများဖြင့် ပြည်သူလူထုကို ပြသရန် လိုအပ်ကြောင်း၊ Digital Museum ကို အကောင်အထည်ဖော် ဆောင်ရွက်ရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှာကြားထားပါကြောင်း၊ အလားတူ ပြတိုက်၊ စာကြည့်တိုက်များသာမက မြန်မာနိုင်ငံမှ အထင်ကရ ဘုရားများတွင် Pagoda Digital Directory ပြုလုပ်၍ အများပြည်သူသိရှိအောင် ပြသထားရှိရန်လည်း နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှုပြုခဲ့၍ ယခုအစည်းအဝေးကို ကျင်းပခြင်းဖြစ်ကြောင်း၊ ပြတိုက်၊ စာကြည့်တိုက်များသာမက နိုင်ငံအတွင်း ထင်ရှားသော တန်ခိုးကြီးဘုရား ကိုးဆူကို ဦးစွာရွေးချယ်၍ ဘုရားဂေါပကအဖွဲ့များကို ဖိတ်ကြားကာ အဆိုပါ ဘုရားများအတွက် Pagoda Digital Directory ပြုလုပ်ရေး ဦးဆောင်ဆွေးနွေး ရှင်းလင်းပြသရမည်ဟု လမ်းညွှန်ထားပါကြောင်း၊ ထို့ကြောင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနက ဆောင်ရွက်ထားသည့် Digital Museum လုပ်ငန်းများကို ပြသ၍ နမူနာထား ရှင်းလင်းသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က ဌာနမှ ဆောင်ရွက်ထားသည့် Digital Museum ဆိုင်ရာ အကောင်အထည်ဖော် ထားရှိမှုများကို ရှင်းလင်းတင်ပြကာ Digital Museum ဆောင်ရွက်ထားမှု အခြေအနေကို လက်တွေ့သရုပ်ပြ ရှင်းလင်းတင်ပြသည်။ ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသူများက Pagoda Digital Directory အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ကိစ္စနှင့်ပတ်သက်၍ အကြံပြုတင်ပြဆွေးနွေးခဲ့ကြပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒေသတွင်း ပတ်ဝန်းကျင်အခင်းအကျင်းများကို ရှုမျှော်လေ့လာကြည့်သော . . .

မောင်ကမ္ဘာ

**ဒေသတွင်းပတ်ဝန်းကျင်နိုင်ငံများရဲ့အခင်းအကျင်းကို ရှုမျှော်လေ့လာကြည့်ရင် နိုင်ငံတကာနဲ့ရင်ပေါင်တန်းဖို့၊ ဆင်းရဲနွမ်းပါးမှုလျှော့ချဖို့၊ ဒေသဖွံ့ဖြိုးတိုးတက်ဖို့ အနာဂတ်မူဝါဒကိုယ်စီနဲ့ တီထွင်ကြံဆကြိုးပမ်းအားထုတ်နေကြတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ ထိုသို့ဆောင်ရွက်ရာမှာ လူဦးရေသန်းပေါင်း ၁၃၀၀ ကျော်ရှိတဲ့ တရုတ်ပြည်ဈေးကွက်ကြီးကို ဗဟိုပြုပြီးဆောင်ရွက်နေကြတာ ဖြစ်ပါတယ်။**

ဗီယက်နမ်နိုင်ငံက ယခုနှစ် ဇန်နဝါရီမှ မေလအတွင်း ဒူးရင်းသီးတန်ချိန် ၆၅၀၀၀ ကျော် တင်ပို့ခဲ့ရာမှာ ၉၇ ရာခိုင်နှုန်းကို တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချခဲ့ခြင်းဖြစ်ပြီး ၂၀၂၂ ခုနှစ်က စုစုပေါင်းတင်ပို့မှုထက် ၄၁ ရာခိုင်နှုန်း တိုးမြှင့်လာတယ်လို့ ဗီယက်နမ်စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ပါတယ်။

**ဗီယက်နမ်နိုင်ငံက ဒူးရင်းသီးတင်ပို့မှုကနေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံအထိ ရရှိနိုင်ကြောင်း ခန့်မှန်းထား**

တရုတ်နိုင်ငံဟာ အပူပိုင်းသစ်သီးများကို ကြိုက်နှစ်သက်တဲ့အတွက် ယမန်နှစ်က ဗီယက်နမ်နိုင်ငံက ဒူးရင်းသီးတန်ချိန် ၈၂၅၀၀၀ တင်ပို့ခဲ့ကြောင်း တရုတ်အကောက်ခွန်ဌာန အချက်အလက်များအရ သိရပါတယ်။ ဗီယက်နမ်နိုင်ငံက ၂၀၂၃ ခုနှစ်မှာ ဒူးရင်းသီးတင်ပို့မှုကနေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံအထိ ရရှိနိုင်ကြောင်း ခန့်မှန်းထားပါတယ်။

အိမ်နီးချင်းထိုင်းနိုင်ငံကလည်း တရုတ်ခရီးသွားဧည့်သည်အမြောက်အမြား ဝင်ရောက်လာမှုကြောင့် ယခုနှစ်မှာ ထိုင်းခရီးသွားလုပ်ငန်း ပြန်လည်ကောင်းမွန်လာတယ် လို့ ဆိုပါတယ်။

ဇန်နဝါရီလမှ ဧပြီလအတွင်း တရုတ်ခရီးသွားဧည့်သည်ဦးရေ ၇၃၇၀၀၀ ကျော် လာရောက်လည်ပတ်ခဲ့ရာမှာ ယမန်နှစ် အလားတူကာလထက် အဆပေါင်း ၃၀ ရှိကြောင်း Kasikorn သုတေသနစင်တာက လက်ထောက်မန်နေဂျင်းဒါရိုက်တာ Kevalin က ပြောပါတယ်။

ယခင်နှစ်က ကိုဗစ်-၁၉ ကန့်သတ်ချက်တွေကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခဲ့ပြီးနောက် အခုလို မြင့်တက်လာခြင်းဖြစ်ကြောင်း၊ ပြီးခဲ့တဲ့ ဧပြီလအထိ နေ့စဉ်ပျမ်းမျှ တရုတ်ခရီးသွားဧည့်သည် ဝင်ရောက်မှုမှာ တစ်သောင်းခန့်ရှိကြောင်း၊ ၂၀၂၃ ခုနှစ် တရုတ်ခရီးသွားဧည့်သည်အရေအတွက်က ကပ်ရောဂါမဖြစ်ခင်ကလို အမြင့်ဆုံးဖြစ်လာနိုင်မယ်လို့လည်း ၎င်းက ခန့်မှန်းခဲ့ပါတယ်။

တရုတ်ခရီးသွားဧည့်သည်တွေ လာရောက်လည်ပတ်ဖို့ဆွဲဆောင်ရာမှာ အိမ်နီးချင်း ထိုင်းနိုင်ငံ တစ်နိုင်ငံတည်းမဟုတ်ပါဘူး။ မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်၊ အင်ဒိုနီးရှား စတဲ့ အရှေ့တောင်အာရှနိုင်ငံများ အားလုံးနီးနီးပါ။

**တရုတ်ခရီးသွားတွေ မြန်မာနိုင်ငံကို လာရောက်ဖို့ ဆောင်ရွက်လျက်ရှိ**

မြန်မာနိုင်ငံက လန်ချန်း-မဲခေါင်ခရီးသွားလာရေးမြို့များ ပူးပေါင်းဆောင်ရွက်ရေးသမဂ္ဂ (Lancang-Mekong Tourism Cities Cooperation Alliance) စတဲ့ ပလက်ဖောင်းတွေကိုအသုံးပြုပြီး တရုတ်ခရီးသွားတွေ မြန်မာနိုင်ငံကို လာရောက်ဖို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ထုတ်ပြန်ခဲ့တဲ့စာရင်းအရ ၂၀၁၉ ခုနှစ်က မြန်မာနိုင်ငံကို လာရောက်လည်ပတ်တဲ့ နိုင်ငံခြားခရီးသည်ဦးရေ လေးသန်းကျော်အနက် တရုတ်ခရီးသည်ဦးရေက တစ်သန်းကျော်ရှိပြီး ရာခိုင်နှုန်းအားဖြင့် ၃၂ ရာခိုင်နှုန်းဖြစ်ကြောင်း သိရပါတယ်။

ပထဝီအနေအထားအရလည်း တရုတ်နိုင်ငံဟာ မြန်မာရဲ့ မီးခိုးကင်းစင်သော စက်မှုလုပ်ငန်းဖြစ်တဲ့ ခရီးသွားလာရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးမှာ အားကိုးမှုအရှိဆုံးဈေးကွက်တစ်ခုလို့ ဆိုရမှာဖြစ်ပါတယ်။

ကမ္ဘောဒီးယားနိုင်ငံကတော့ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကိုရည်ရွယ်ပြီး အန်ကောဝပ်ယဉ်ကျေးမှုနယ်မြေမှာ တည်ဆောက်နေတဲ့ အပြည်ပြည်ဆိုင်ရာလေဆိပ်သစ်ကို လာမယ့် အောက်တိုဘာလအတွင်း စတင်ဖွင့်လှစ်တော့မယ်လို့ ဆိုပါတယ်။

တရုတ်နိုင်ငံရဲ့ရင်းနှီးမြှုပ်နှံမှုနဲ့ ၂၀၂၀ ပြည့်နှစ်မတ်လက စတင်တည်ဆောက်ခဲ့တဲ့ လေဆိပ်သစ်ဟာ အန်ကောဝပ်ယဉ်ကျေးမှုနယ်မြေရဲ့ ကီလိုမီတာ ၄၀၊ မိုင်အားဖြင့် ၂၄ မိုင် ခန့်အကွာမှာ တည်ရှိပါတယ်။



တရုတ် - လာအို မီးရထားလမ်း။

**စီးပွားရေးအကျိုးအမြတ်တွေပိုထွက်**

လာအိုနိုင်ငံကတော့ တရုတ်-လာအိုမီးရထားလမ်းကြောင့် စီးပွားရေးအကျိုးအမြတ်တွေ ပိုထွက်လာတယ်လို့ဆိုပါတယ်။ နှစ်နိုင်ငံခရီးသွားလုပ်ငန်း၊ ကုန်စည်ဖလှယ်ရေးသာမက ထိုင်းနိုင်ငံက တရုတ်ကို ပို့တဲ့ သစ်သီးစုစုပေါင်း ၇၀ ရာခိုင်နှုန်းကိုလည်း တရုတ်-လာအိုမီးရထားလမ်းကတစ်ဆင့် တင်ပို့ပေးလျက်ရှိကြောင်း သိရပါတယ်။

တရုတ်-လာအို မီးရထားလမ်းဝန်ဆောင်မှု စတင်ခဲ့ပြီးနောက်ပိုင်း လာအိုနိုင်ငံအတွင်းကို လာရောက်လည်ပတ်သူတွေ ပိုမိုများပြားလာပြီး ယခုနှစ်ပထမခြောက်လကာလအတွင်း ခရီးသွားဧည့်သည် ၁ ဒသမ ၆ သန်းကျော် ဝင်ရောက်ခဲ့တဲ့အတွက် နိုင်ငံခြားသားခရီးသွားအရေအတွက် သိသိသာသာမြင့်တက်ခဲ့တယ်လို့ဆိုပါတယ်။ ဇူလိုင်လအတွင်းက ထုတ်ပြန်တဲ့အချက်အလက်တွေအရ ထိုင်းနိုင်ငံက ၆၆၈၅၉၅ ဦးနဲ့ အများဆုံးလာရောက်လည်ပတ်ခဲ့ပြီး ဗီယက်နမ်နိုင်ငံက ၃၉၈၉၃၇ ဦး၊ တရုတ်နိုင်ငံက ၃၁၇၆၀၄ ဦး လာရောက်လည်ပတ်ခဲ့ကြတယ်လို့ သိရပါတယ်။

၂၀၂၃ ခုနှစ်အတွင်း လာအိုနိုင်ငံကို တရုတ်ခရီးသွားဧည့်သည် ၃၆၈၀၀၀ ခန့် ဝင်ရောက်မယ်လို့ လာအိုအာဏာပိုင်များက မျှော်မှန်းထားပြီး ပြီးခဲ့တဲ့နှစ်ကထက် ၂၀ ရာခိုင်နှုန်း မြင့်တက်မယ်လို့လည်း မျှော်လင့်ထားပါတယ်။

**ဗီယင်ကျန်းဟာ အရှေ့တောင်အာရှမှာ အစည်ကားဆုံး မြို့တစ်မြို့ဖြစ်လာ**

ဒါ့အပြင် တရုတ်-လာအို မီးရထားလမ်းဖွင့်ပြီး တစ်နှစ်ကျော်အတွင်းမှာပဲ မြို့တော်ဗီယင်ကျန်းမှာ တရုတ်ကုမ္ပဏီပေါင်း ၁၄၀၀ ကျော်က လာရောက်ရင်းနှီးမြှုပ်နှံခဲ့တဲ့အတွက် လာမယ့်ဆယ်စုနှစ်များအတွင်း ဗီယင်ကျန်းဟာ အရှေ့တောင်အာရှမှာ တိုးတက်အစည်ကားဆုံးမြို့တစ်မြို့ ဖြစ်လာနိုင်တယ်လို့လည်း လေ့လာသူများက သုံးသပ်ခဲ့ကြပါတယ်။

အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံကလည်း လမ်း၊ တံတား၊ ရထားလမ်းနဲ့ စွမ်းအင်ကဏ္ဍတွေအပြင် မိလ္လာနဲ့ရေဆိုးသန့်စင်ရေး၊ ရေမျက်နှာပြင်ထိန်းသိမ်းရေးနဲ့ အဆောက်အအုံထိန်းသိမ်းမှုဖွံ့ဖြိုးရေး စတဲ့ စီမံကိန်းများကို တရုတ်ကုမ္ပဏီတွေ လာရောက်ရင်းနှီးမြှုပ်နှံခွင့်ပေးခဲ့ပါတယ်။ တရုတ်ကုမ္ပဏီတွေရဲ့ ရင်းနှီးမြှုပ်နှံမှုကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း အလုပ်အကိုင်အခွင့်အလမ်းပေါင်း ငါးသိန်းခွဲနီးပါး တိုးတက်လာတယ်လို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ တရုတ်သံရုံးရဲ့ ထုတ်ပြန်ချက်အရ သိရပါတယ်။

အလားတူ ကမ္ဘာက အသိအမှတ်ပြုထားတဲ့ အမေရိကန်ရဲ့လွတ်လပ်တဲ့ ဈေးကွက်စီးပွားရေးပုံစံ (Free market economic pattern)၊ ဂျာမနီရဲ့ ဆိုရှယ်လစ်ဈေးကွက်စီးပွားရေးပုံစံ (Social market economic pattern)၊ ဆွီဒင်ရဲ့ လူမှုသက်သာချောင်ချိရေး ဈေးကွက်စီးပွားရေးပုံစံ (Welfare national market economic pattern)၊ ဂျပန်ရဲ့ အစိုးရက ရှေ့ဆောင်တဲ့ပုံစံနဲ့ ဈေးကွက်စီးပွားရေးပုံစံ (government-oriented market economic pattern) တွေအနက် တရုတ်ပြည်က ဘယ်လိုစီးပွားရေးစနစ်မျိုးလဲလို့ တစ်ချိန်က မေးခွန်းထုတ်ခဲ့တဲ့ အမေရိကန်အနေနဲ့လည်း လက်ရှိမှာ တရုတ်ပြည်ရဲ့ ဆိုရှယ်လစ်စနစ်ဈေးကွက်စီးပွားရေးကို မလွန်ဆန်ရဲပါဘူး။

ထိုင်ဝမ်ရေလက်ကြားအရေးကြောင့် တရုတ်-အမေရိကန်ဆက်ဆံရေးတင်းမာနေတဲ့ လက်ရှိကာလမှာပဲ အမေရိကန်နိုင်ငံတကာငွေကြေးလုပ်ငန်းအုပ်စုများနဲ့ ကုမ္ပဏီကြီးတွေရဲ့ CEO တွေဟာ မကြာသေးမီ ရက်ပိုင်း၊ လပိုင်းအတွင်းက တရုတ်နိုင်ငံမှာ စုဝေးခဲ့ကြပါတယ်။ ဂျာမနီဝန်ကြီးချုပ် Olaf Scholz နဲ့ ပြင်သစ်သမ္မတ Emmanuel Macron တို့လည်း တရုတ်နိုင်ငံကို လာရောက်ခဲ့ကြပါတယ်။

အမေရိကန်ဆေးဝါးများနဲ့ ပဋိဇီဝဆေးများမှာ ပါဝင်ပစ္စည်းများရဲ့ ၉၀ ရာခိုင်နှုန်း၊ အဝတ်အထည် ၄၀ ရာခိုင်နှုန်းနဲ့ အီလက်ထရွန်နစ်ထုတ်ကုန် ၄၈ ရာခိုင်နှုန်းဟာ

*စာမျက်နှာ ၁၁ သို့*

❖ **လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ထုတ်ပြန်ခဲ့တဲ့စာရင်းအရ ၂၀၁၉ ခုနှစ်က မြန်မာနိုင်ငံကို လာရောက်လည်ပတ်တဲ့ နိုင်ငံခြားခရီးသည်ဦးရေ လေးသန်းကျော်အနက် တရုတ်ခရီးသည်ဦးရေက တစ်သန်းကျော်ရှိပြီး ရာခိုင်နှုန်းအားဖြင့် ၃၂ ရာခိုင်နှုန်း ဖြစ်ကြောင်း သိရပါတယ်**

❂ **ပထဝီအနေအထားအရလည်း တရုတ်နိုင်ငံဟာ မြန်မာရဲ့ မီးခိုးကင်းစင်သောစက်မှုလုပ်ငန်းဖြစ်တဲ့ ခရီးသွားလာရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးမှာ အားကိုးမှုအရှိဆုံးဈေးကွက်တစ်ခုလို့ ဆိုရမှာဖြစ်ပါတယ်**

# ကျောက်မီးသွေး တူးဖော်လုပ်ကိုင်လျက်ရှိသည့်ကုမ္ပဏီများ လျာထားချက်အပြည့်အဝ ထုတ်လုပ်ရေး/သယ်ယူရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

မုံရွာ ဩဂုတ် ၂၁

ကျောက်မီးသွေးတူးဖော် လုပ်ကိုင်လျက်ရှိသည့်ကုမ္ပဏီများ လျာထားချက်အပြည့်အဝ ထုတ်လုပ်ရေး/သယ်ယူရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၁ ရက်က စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ကျောက်မီးသွေးလုပ်ငန်းရှင်များနှင့် တာဝန်ခံများ တက်ရောက်ကြပြီး အမှတ်(၁)သတ္တုတွင်းလုပ်ငန်း ဦးဆောင် ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက Video Conferencing စနစ်ဖြင့် တက်ရောက်သည်။

**ပံ့ပိုးကူညီပေးသွားမည်**

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီး အတွင်းရှိ ကလေးဝ၊ မော်လိုက်၊ တမူးမြို့နယ်များတွင် ကျောက်မီးသွေးတူးဖော်ခြင်း လုပ်ငန်းများ လုပ်ကိုင်နေကြသည့် လုပ်ငန်းရှင်များအနေဖြင့် သတ်မှတ်ကာလအတွင်း ထုတ်လုပ်ရမည့်လျာထားချက် ပြည့်မီစွာထုတ်လုပ်ရေးနှင့် ထုတ်လုပ်ပြီး ကျောက်မီးသွေးများ အားလုံး သယ်ယူနိုင်ရေးအတွက် လိုအပ်သည်များကို ပံ့ပိုးကူညီ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲမှလည်း လိုအပ်ချက်များအား ပံ့ပိုးကူညီပေးရန် မှာကြားပါကြောင်းနှင့် ထုတ်လုပ်ပြီးကျောက်မီးသွေးများအား လေလွင့်ဆုံးရှုံးမှုမဖြစ်စေဘဲ ဈေးကွက်သို့ အမြန်တင်ပို့နိုင်ရေးအတွက် ချင်းတွင်းမြစ်ရေလမ်းကြောင်း ကောင်းမွန်ချိန်အတွင်း သယ်ယူပို့ဆောင်သွားကြရန် လိုအပ်ပါကြောင်း၊ ကျောက်မီးသွေး တူးဖော်ထုတ်လုပ်ပြီးစီးခဲ့သည့် မြေနေရာများအား သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ကြီးမြန်သစ်ပင်များ ပြန်လည်စိုက်ပျိုးသွားကြရန် လိုအပ်ပါကြောင်း၊ မိမိတို့၏ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် လိုအပ်ချက်များအား ယခုအစည်းအဝေးတွင် ဆွေးနွေးတင်ပြသွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ယင်းနောက် အမှတ်(၁) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးသိန်းက မိမိတို့ဌာနအနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည့် လုပ်ငန်းအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



**ဆွေးနွေးတင်ပြ**

ဆက်လက်ပြီး အစည်းအဝေးသို့ တက်ရောက်လာကြသော ကျောက်မီးသွေးလုပ်ငန်းရှင်များနှင့် တာဝန်ခံများက မိမိတို့လုပ်ငန်းများ၏ ကျောက်မီးသွေး ထုတ်လုပ်နေမှု၊ သယ်ယူရေး ဆောင်ရွက်နေမှုနှင့် သတ်မှတ်လျာထားချက် ပြည့်မီအောင် ထုတ်လုပ်သယ်ယူမည့် အခြေအနေများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပံ့ပိုးကူညီပေးရန် လိုအပ်မှုများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အစည်းအဝေးသို့ တက်ရောက်လာသူများ၏ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ



နေပြည်တော် ဩဂုတ် ၂၁

ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူများကိုလည်းကောင်း၊ တပ်မတော်စက်ရုံများနှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များကိုလည်းကောင်း၊ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကိုလည်းကောင်း ပြင်ပပေါက်ဈေးထက်သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်း မိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲ ဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တောင်ငူမြို့ ကေတုမတီ ငါးကုန်ထုတ်သမဝါယမအသင်းလီမိတက်က ငါးမျိုးစုံထုတ်လုပ်ဖြန့်ဖြူး

တောင်ငူ ဩဂုတ် ၂၁

ရေထွက်ကုန်ပစ္စည်းများကို စားသုံးသူပြည်သူများ ဈေးနှုန်းချိုသာစွာဖြင့် လွယ်လင့်တကူ ဝယ်ယူစားသုံးနိုင်ရေးအတွက် သမဝါယမကဏ္ဍမှ ဖြန့်ဖြူးရောင်းချပေးလျက်ရှိရာ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်ရှိ ကေတုမတီငါးကုန်ထုတ်သမဝါယမအသင်းလီမိတက်သည် အသင်းပိုင်ငါးကန်များ၌ ငါးမျိုးစုံမွေးမြူထားရှိပြီး ယင်းငါးကန်များမှ ဖော်ထုတ်ရရှိသည့် ငါးမြစ်ချင်း၊ ငါးမုတ်နှင့် ငါးတန် စုစုပေါင်း ငါးမျိုးစုံပိဿာချိန် ဖ၈၃၁ ကို စားသုံးသူပြည်သူများ ဝယ်ယူစားသုံးနိုင်စေရန် လက်လီလက်ကား ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*

တရုတ်နိုင်ငံမှဖြစ်တဲ့အတွက် အမေရိကန်အနေနဲ့ ယေဘုယျအားဖြင့် အစားထိုးလို့မရဘူးလို့ အမေရိကန် Fortune မဂ္ဂဇင်းက မေ ၃၁ ရက်က ဖော်ပြခဲ့တယ်။

**ရှန်ဟိုင်းမှာ ဒုတိယစက်ရုံတည်ဆောက်**

Tesla ဟာလည်း တရုတ်–အမေရိကန်ဆက်ဆံရေး တင်းမာမှုမြင့်တက်လာချိန်မှာပဲ တရုတ်ဈေးကွက်ကို ဝင်ရောက်မှုတိုးမြှင့်လာပြီး ရှန်ဟိုင်းမှာ ဒုတိယမြောက်စက်ရုံ တည်ဆောက်မယ့်အစီအစဉ်ကို ဧပြီလက ကြေညာခဲ့ပါတယ်။

Elon Muck က ကမ္ဘာ့အကြီးဆုံးစီးပွားရေး နိုင်ငံနှစ်ခု အချိတ်အဆက်ပြတ်တောက်ပြီး ကွင်းဆက်ပြတ်သွားမှာကို ဆန့်ကျင်ကန့်ကွက်တယ်လို့ ဆိုပါတယ်။ မေ ၃၀ ရက်က Elon Muck နဲ့ တရုတ်နိုင်ငံခြားရေးဝန်ကြီးတို့ တွေ့ဆုံပြီးနောက်မှာ Tesla ရဲ့ စတော့ရှယ်ယာတွေ မြင့်တက်ခဲ့တယ်လို့လည်း အမေရိကန်သတင်းဌာနများဟာ ထုတ်ပြန်ခဲ့ပါတယ်။

ထို့အတူ ဂျာမနီနိုင်ငံရှိ အလုပ်အကိုင်တစ်သန်းခန့်ဟာလည်း တရုတ်နိုင်ငံသို့ တင်ပို့မှုကို မှီခိုနေရပြီး ဂျာမန်ကုမ္ပဏီပေါင်း ၅၅၀၀ ကျော်ဟာလည်း တရုတ်နိုင်ငံအတွင်းမှာ လုပ်ငန်းတွေလုပ်ဆောင်နေတယ်လို့ ဂျာမနီနိုင်ငံထုတ် Der Tagesspiegel သတင်းစာက ဆိုပါတယ်။

အနှစ်ချုပ်အားဖြင့်ကတော့ ကုမ္ပဏီအများစုက တရုတ်နိုင်ငံဟာ ကုမ္ပဏီအတွက် အရေးကြီးတဲ့ ဈေးကွက်တစ်ခုလို့ ရှုမြင်ခဲ့ကြသလို ဥရောပနိုင်ငံအများစုကလည်း ဥရောပဟာ တရုတ်နိုင်ငံနဲ့ ကုန်သွယ်မှုပြုလုပ်ဖို့ အရေးတကြီးလိုအပ်နေပြီး နှစ်ဦးနှစ်ဖက် အချိတ်အဆက်ဖြတ်တောက်ဖို့ မဖြစ်နိုင်ဘူးလို့ သုံးသပ်ခဲ့ကြပါတယ်။

တကယ်တော့ တရုတ်နိုင်ငံဟာလည်း လက်ရှိအဆင့်အတန်းနဲ့အခြေအနေမျိုး ရောက်ရှိလာအောင် နှစ်ရှည်လများ ပိတ်ထားတဲ့တံခါးတွေကို ဖွင့်ပြီး ပတ်ဝန်းကျင်ကို ရှုမျှော်လေ့လာသင်ယူခဲ့ခြင်းက အစပြုခဲ့တာပါပဲ။

**နိုင်ငံတကာကို သွားရောက်လေ့လာခဲ့**

ဆင်းရဲနွမ်းပါးတဲ့ ပြည်သူများရဲ့ဘဝကို ကယ်တင်ပြောင်းလဲရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူတွေဟာ ၁၉၈၀ ဝန်းကျင်မှာ Industrial Park များ ထူထောင်ရန်အတွက် နိုင်ငံတကာကို သွားရောက်လေ့လာခဲ့ကြတယ်။ ဒီနောက်မှာတော့ စင်ကာပူနိုင်ငံက ဂျူရွန်စက်မှုဇုန်နဲ့ အိုင်ယာလန်က ရှန်နွန်လွတ်လပ်စွာ ကုန်သွယ်ခွင့်ရဒေသတို့ကို သဘောကျခဲ့ပြီး တရုတ်နိုင်ငံ ကွမ်တုန်ပြည်နယ်နဲ့ ဖူးကျန့်ပြည်နယ်တွေမှာ စတင်အကောင်အထည်ဖော်ခဲ့ကြတာဖြစ်ပါတယ်။ ကနဦးမှာ နည်းပညာနိမ့်လုပ်ငန်းတွေနဲ့ စတင်ခဲ့ပြီး နည်းပညာမြင့်ဇုန်နဲ့ အဆင့်မြင့်နည်းပညာဇုန်တွေကို နောက်တစ်ဆင့်မှ တက်လှမ်းလုပ်ကိုင်ခဲ့ကြတာ ဖြစ်ပါတယ်။

ဒါ့အပြင် တရုတ်တို့ဟာ ပြုပြင်ပြောင်းလဲရေးကို ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်ရေးတို့နဲ့ တွဲဖက်ထားပါတယ်။ ဆိုဗီယက်ပြည်ထောင်စု၊ အရှေ့ဥရောပနိုင်ငံတွေနဲ့နှိုင်းယှဉ်ရင် တရုတ်ပြည်ပြုပြင်ပြောင်းလဲရေးနည်းနာဟာ စီးပွားရေးနယ်ပယ်မှ အရင်စလုပ်ခဲ့တာဖြစ်ပြီး ဒီဖြစ်စဉ်အတွင်း ပြုပြင်ပြောင်းလဲရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ တည်ငြိမ်မှုတို့ရဲ့ဆက်စပ်မှုကို ဂရုတစိုက်ကိုင်တွယ်ဖြေရှင်းသွားခဲ့ပါတယ်။ တည်ငြိမ်မှုဟာ ပြုပြင်ပြောင်းလဲရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးရဲ့ ရှေးဦးလိုအပ်ချက်နဲ့အာမခံချက်အဖြစ်လည်း ခံယူခဲ့ကြပါတယ်။ ပြုပြင်ပြောင်းလဲရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်ရေး ဒီဝေါဟာရသုံးလုံးနဲ့ပတ်သက်ပြီး တိန့်ရှောင်ဖိန်လက်ရွေးစင်ကျမ်း တတိယတွဲရဲ့ ဆောင်းပါးတိုင်းလောက်နီးပါးမှာ သုံးသပ်ဆွေးနွေးထားသလို တိန့်ရှောင်ဖိန်အလွန် တရုတ်နိုင်ငံရဲ့ ခေါင်းဆောင်အဆက်ဆက်ကလည်း တရုတ်ပြည်ရဲ့ တည်ငြိမ်တဲ့ပတ်ဝန်းကျင်လိုအပ်မှုကို အဆက်မပြတ် အလေးထားခဲ့ကြပါတယ်။

လက်ရှိ တရုတ်နိုင်ငံ သမ္မတ ရှီကျင့်ဖျင်ကလည်း **“တရုတ်အမျိုးသားတို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုဆိုတာက အခက်အခဲပေါင်းစုံ အကျပ်အတည်းပေါင်းစုံထဲကနေ ဖြတ်သန်းလာရတာ ဖြစ်တယ်။ ဘယ်သူကြောင့်၊ ဘယ်ဟာကြောင့်၊ ဘယ်လူပုဂ္ဂိုလ်တွေကြောင့်ဆိုပြီး အပြစ်မဆိုပါနဲ့၊ အပြစ်တင်ပုံချတာမျိုးလည်း လုပ်မနေပါနဲ့။ အဓိကသော့ချက်ကတော့ ဒီလမ်းဟာ ကိုယ့်ဘာသာကိုယ်လျှောက်လှမ်းရမယ့်လမ်းရယ်လို့ အားတက်သရော သတ်မှတ်လိုက်ပါ။ ကိုယ့်ခြေထောက်နဲ့ ကိုယ်တိုင်လျှောက်လှမ်းရမယ့်လမ်းပါ။ ကျွန်တော်တို့ မြဲမြံခိုင်မာစွာ မယိမ်းမယိုင်ဘဲ ဖြောင့်ဖြောင့်မတ်မတ်လျှောက်လှမ်းကြရပါမယ်။ အောင်မြင်မှုရောင်ခြည်က အရှေ့ဆီကနေကြိုဆိုပါလိမ့်မယ်”**လို့ တစ်ချိန်က မိန့်ကြားခဲ့ပါတယ်။

မြန်မာနိုင်ငံအနေဖြင့်လည်း ပြည်တွင်းအားဟာ ပြည်တွင်းမှာသာရှိတယ်လို့ခံယူပြီး အမျိုးသားအကျိုးစီးပွား၊ နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့ အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် ဒေသတွင်းနိုင်ငံများနဲ့ ကမ္ဘာ့နိုင်ငံများရဲ့ လက်ရှိ ပတ်ဝန်းကျင်အခင်းအကျင်းများအပေါ် မျက်စိကိုဖွင့် နားကိုစွင့်ပြီး ရှုမျှော်လေ့လာကြည့်ကြဖို့ လိုအပ်ကြောင်း ရေးသားတင်ပြလိုက်ရပါတယ် ။ ။

# ၂၀၂၃ ခုနှစ်၊ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ကျင်းပရေးအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသော ပြိုင်ပွဲအဆင့်နှင့် ဘာသာရပ်များ

*(ယမန်နေ့မှအဆက်)*

### "ပတ္တလား" အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ

၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) ခွာပြာသင်း (ပတ်ပျိုး)
- (ခ) ညာသပြေဘောင် (ကြိုး)
- (ဂ) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)
- (ဃ) လေပြည်ဆော်သွင်းမြူး (ယိုးဒယား)
- (င) ညင်းညင်း (မွန်)

၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) လျှပ်ပန်းခွေနွဲ့ (ယိုးဒယား)
- (ခ) မှိုင်းမှိုင်းမြ (သီချင်းခံ)
- (ဂ) မြန်ချာမြေကို (ပတ်ပျိုး)

၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) ရှစ်စုံရွှက်ကြာ (ပတ်ပျိုး)
- (ခ) နှင်းယွန်းခါဟေမန် (ယိုးဒယား)
- (ဂ) ဘုံဆောင်မြင့် (ကြိုး)

၄။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) မှန်ရဝေ (ပတ်ပျိုး)
- (ခ) ကျွန်းကျွန်းပိုင်သ (ကြိုး)
- (ဂ) ကန္တာတောခြေ (ယိုးဒယား)

၅။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) သီလာမြေယံ (ကြိုး)
- (ခ) ဂန္ဓမာတောင် (ဘွဲ့)
- (ဂ) ဟေမန်ပွေဟန် (ပတ်ပျိုး)

### "နှဲ" ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ

၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား)
- (က) နှင်းယွန်းဂီမှာန် (မွန်)
- (ခ) တောမြိုင်ခြေလမ်း (ယိုးဒယား)
- (ဂ) သိင်္ဂါရွှေရောင် (ပတ်ပျိုး)
- (ဃ) ဇမ္ဗူကျွန်းလုံး (သီချင်းခံ)
- (င) မဲဇာတောင်ခြေ (ပတ်ပျိုး)

၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား)
- (က) ရေယမုန် (ပတ်ပျိုး)
- (ခ) တောဟေဝန်လယ် (ယိုးဒယား)
- (ဂ) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)

၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား)
- (က) မှိုင်းရိပ်ကယ်တည့် (ကြိုး)
- (ခ) လွမ်းဘွဲ့စေ (ပတ်ပျိုး)
- (ဂ) ဂန္ဓမာတောင် (ဘွဲ့)

၄။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား)
- (က) မင်းလမ်းစပ်ကာ (ကြိုး)
- (ခ) မင်္ဂလာသီရိ (ဘွဲ့)
- (ဂ) မြိုင်ယံရွှေလျှံ (ပတ်ပျိုး)

၅။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား)
- (က) ဘုံဆောင်မြင့် (ကြိုး)
- (ခ) လာချေပြီ (ကြိုး)
- (ဂ) ထွေတလာ (ကြိုး)

### "ပလွေ" ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ

၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား)
- (က) ဖန်ထွေလာ (မွန်)
- (ခ) ကြံကြံဖန်ဖန် (ယိုးဒယား)
- (ဂ) သိင်္ဂါရွှေရောင် (ပတ်ပျိုး)
- (ဃ) ထောင်ရောင်နေ (သီချင်းခံ)
- (င) တောင်ဇမ္ဗူပိုင် (ယိုးဒယား)

၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား)
- (က) ရေယမုန် (ပတ်ပျိုး)
- (ခ) မော်ရုံဟေဝန် (ယိုးဒယား)
- (ဂ) ရွှန်းရွှန်းမြ (သီချင်းခံ)

၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား)
- (က) ဇေယျာအောင်ချာ (ကြိုး)
- (ခ) ဂန္ဓမာရိပ်သာ (ပတ်ပျိုး)
- (ဂ) ဂန္ဓမာတောင် (ဘွဲ့)

၄။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား)
- (က) လွဲ့လွဲ့စိမ်းရောင် (ကြိုး)
- (ခ) ဟေမဝန်ချာ (ဘွဲ့)
- (ဂ) လွမ်းဘွဲ့စေ (ပတ်ပျိုး)

၅။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား)
- (က) သီလာမြေယံ (ကြိုး)
- (ခ) ဇေယျာမြို့ (ကြိုး)
- (ဂ) မင်းလမ်းစပ်ကာ (ကြိုး)

### "တယော" ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ

၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) အိုသာတင့်ဆုံး (ယိုးဒယား)
- (ခ) အောင်မြေမြမန်း (ပတ်ပျိုး)
- (ဂ) မိုးလုံးပတ်လည် (ပတ်ပျိုး)
- (ဃ) သာဆန်းရဂုံဗွေ (ပတ်ပျိုး)
- (င) မန်းတောင်လက်ယာ (ယိုးဒယား)

၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) မြိုင်ကြီးဟေမာ (ယိုးဒယား)
- (ခ) ချစ်သမျှကို (ပတ်ပျိုး)
- (ဂ) မေတ္တာသံဝေ (ကာလပေါ်)

၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) မေတ္တာဂုဏ် (ကာလပေါ်)ပြည်လှဖေ
- (ခ) တောင်တောသာယာ (ယိုးဒယား)
- (ဂ) ဇေယျာမြို့ (ကြိုး)

၄။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) သူဌေးဝါဒ (ကာလပေါ်)
- (ခ) ညဦးသုံးယံခါ (ပတ်ပျိုး)
- (ဂ) ဝေဇယန်နှင့်နှုန်းငြား (ကြိုး)

၅။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) ရွှေပဒ္ဒုန် (ယိုးဒယား)
- (ခ) တိမ်တမန် (ကာလပေါ်)
- (ဂ) ရွှေပြည်ကြီးရော (ကြိုး)

*(ဆက်လက်ဖော်ပြပါမည်)*

## ရေဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး မအူပင်အကျဉ်းထောင်သို့ သွားရောက်စစ်ဆေး

**မအူပင် ဩဂုတ် ၂၁**

ရေဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဒေါ်ခင်စန်းဝင်း၊ မအူပင်ခရိုင် တရားသူကြီး ဒေါ်အေးအေးမြင့်နှင့် အဖွဲ့ဝင်များသည် ဩဂုတ် ၁၈ ရက်က မအူပင်အကျဉ်းထောင်သို့ သွားရောက်ကြည့်ရှု စစ်ဆေးသည်။

တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးနှင့် အဖွဲ့ဝင်များသည် အကျဉ်းထောင်အတွင်းရှိအကျဉ်းသားအကျဉ်းသူ၊ အချုပ်သား အချုပ်သူများနေထိုင်



သည့် အဆောင်များ၊ စားဖိုဆောင်၊ ဆေးပေးခန်းတို့ကို လှည့်လည်စစ်ဆေးရာ အကျဉ်းထောင်တာဝန်ခံအရာရှိက ရှင်းလင်းတင်ပြသည်။

ထို့နောက် အကျဉ်းသားအကျဉ်းသူများအတွက် ဥပဒေပါ အခွင့်အရေးများရရှိခြင်း ရှိ မရှိ၊ နေရာထိုင်ခင်းအဆင်ပြေမှု ရှိ မရှိ၊ စားသောက်ရာတွင် အာဟာရ သင့်တင့်မျှတမှု ရှိ မရှိနှင့် ကျန်းမာရေး စောင့်ရှောက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးရန် အကျဉ်းထောင် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**သီဟစည်သူ**

## ကျွန်းစုမြို့နယ်၌ ရေပြင်အသက်ကယ် သရုပ်ပြလေ့ကျင့်ခြင်းဆောင်ရွက်

**ကျွန်းစု ဩဂုတ် ၂၁**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်၌ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်ကြက်ခြေနီအသင်းတို့ ပူးပေါင်း၍ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ရေပြင်အသက်ကယ် သရုပ်ပြလေ့ကျင့်ခြင်းကို ဩဂုတ် ၂၀ ရက်က အမှတ်(၃) ရပ်ကွက် ဆိပ်ကမ်းအနီးရှိရေပြင်၌ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးတင်ထွန်းနိုင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့စုမှူး ဦးကျော်နိုင်နှင့် တပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများအား အသက်ကယ်အင်္ကျီဝတ်ဆင်ပုံနည်းလမ်းများကို ပြသခဲ့ပြီး ရှာဖွေကယ်ဆယ်ရေး နည်းလမ်းများကို သရုပ်ပြလေ့ကျင့်ကြောင်း သိရသည်။

**ထက်မြင့်(ကျွန်းစု)**

## ရေဝတီတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး စိုက်ပျိုးရေးလုပ်ကိုင်ကြသည့် တောင်သူများနှင့်တွေ့ဆုံ

**အိမ်မဲ ဩဂုတ် ၂၁**

ရေဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေပြည်တန်ခန်းမ၌ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းနိုင်သည် အိမ်မဲမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးလုပ်ကိုင်ကြသည့် တောင်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဩဂုတ် ၂၀ ရက်က ကျင်းပသည်။ **(ယာပုံ)**




ဦးစွာ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက မြို့နယ်အတွင်း မိုးစပါး တစ်ဧက ၁၀၀ တင်းနှုန်း ပိုမိုထွက်ရှိစေရေး၊ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) စိုက်ပျိုးနိုင်ရေးနှင့် ဆီဖူလုံစေရေးအတွက် နေကြာစနစ်တကျ တိုးချဲ့စိုက်ပျိုးစေရေးတို့ကို ပြောကြားပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိန်မောင်မြင့်က စိုက်ပျိုးရေးဆောင်ရွက်ရာတွင် အကျိုးများစွာ ဖြစ်ထွန်းစေမည့် ဆောင်ရန်၊ ရှောင်ရန်များ၊ လိုက်နာရမည့် အကြောင်းအရာများကို လည်းကောင်း၊ အိမ်မဲမြို့နယ် စိုက်တိုးမြှင့်အဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ကိုကိုဦးက မြို့နယ်အတွင်း ဆောင်ရွက်ထားရှိသည့် စိုက်ပျိုးရေးဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာသော တောင်သူများက စိုက်ပျိုးရေးဆိုင်ရာ ကိစ္စရပ်များထဲမှ သိရှိလိုသည်များ မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးပြီး အခမ်းအနားသို့ ခရိုင်စိုက်တိုးမြှင့်အဖွဲ့၊ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တောင်သူများ တက်ရောက်ကြောင်း သိရသည်။

**ချစ်သက်လယ်(ပြန်/ဆက်)**

# ဖခင်ထံမှ ဝန်ကြီးချုပ်ရာထူးကို လွှဲပြောင်းရယူရန် ဟွန်မာနက် ပြင်ဆင်



**ဖနောင်ပင် ဩဂုတ် ၂၁**
ဇူလိုင်လ အထွေထွေရွေးကောက်ပွဲပြီးနောက် ကမ္ဘောဒီးယားပါလီမန်ကို ပြန်လည်စတင်လိုက်ပြီဖြစ်သည်။ ဟွန်မာနက်သည် ယခုအခါ သူ့ဖခင်ထံမှ ဝန်ကြီးချုပ်ရာထူးကို လွှဲပြောင်းရယူရန် ပြင်ဆင်နေပြီဖြစ်သည်။

ဟွန်မာနက်သည် ဩဂုတ် ၂၂ ရက်တွင် ခေါင်းဆောင်ဖြစ်လာဖွယ်ရှိသည်။ ယခုလအစောပိုင်းက ထုတ်ဆင့်လိုက်သော တော်ဝင်အမိန့်တွင် ဟွန်မာနက်သည် ဟွန်ဆင်နေရာတွင် ဆက်ခံရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း ဖော်ပြထားသည်။ ဟွန်ဆင်သည် ဝန်ကြီးချုပ်အဖြစ် နှစ်ပေါင်း ၄၀ နီးပါးတာဝန်ထမ်းဆောင်ခဲ့သည်။

လက်ရှိအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် အဆင့်မြင့်ပါတီအဖွဲ့ဝင် အများစုသည် ယခုအခါ အသက် ၆၀ ကျော်၊ ၇၀ ကျော်ရှိပြီ ဖြစ်သဖြင့် ၎င်းတို့၏ နေရာများကို ၎င်းတို့၏ မျိုးဆက်များကို လွှဲပြောင်းပေးရန် မျှော်လင့်ထားကြသည်။

ဝန်ကြီးချုပ်ရာထူးမှ အနားယူမည့် ဟွန်ဆင်သည် အစိုးရအဖွဲ့သစ်တွင် ပြန်လည်ပါဝင်တော့မည်မဟုတ်ပေ။ သို့သော်လည်း ပြည်သူ့ပါတီ၏ ဩဇာလွှမ်းမိုးမှုရှိသော ခေါင်းဆောင်တစ်ဦးအဖြစ် ဆက်လက်ရှိနေဦးမည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# ဂါဇာကမ်းမြောင်ဒေသရှိ မောင်းသူမဲ့လေယာဉ်တစ်စင်းကို အစ္စရေးလေကြောင်းကာကွယ်ရေးစနစ်က ကြားဖြတ်တိုက်ခိုက်

**ဂျေရုဆလင် ဩဂုတ် ၂၁**
အစ္စရေး၏ Iron Dome ဝေဟင်ကာကွယ်ရေးစနစ်သည် ဩဂုတ် ၂၁ ရက် နံနက်ပိုင်းက ဂါဇာကမ်းမြောင်ဒေသ၏ ကောင်းကင်ပေါ်ရှိ အမည်မသိ မောင်းသူမဲ့လေယာဉ်တစ်စင်းကို ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့သည်။ ယင်းသို့ပစ်ခတ်မှုမှာ နှစ်ရက်ဆက်တိုက် ရှိပြီဖြစ်ကြောင်း အစ္စရေးတပ်မတော်က ပြောကြားသည်။

ဒရုန်းတစ်ခုဟု ဟူဆရသည့် မောင်းသူမဲ့ လေယာဉ်သည် အစ္စရေးနိုင်ငံဘက်သို့ ဂါဇာကမ်းမြောင်ဒေသကို ဖြတ်သန်းသွားပြီးနောက် အဆိုပါ Iron Dome စနစ်က ကြားဖြတ်တိုက်ခိုက်ခဲ့ခြင်း ဖြစ်ကြောင်း အစ္စရေးစစ်ဘက်က ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။



အနည်းဆုံး ကြားဖြတ်ဒုံးကျည်နှစ်စင်းကို မောင်းသူမဲ့လေယာဉ် ပစ်မှတ်သို့ ပစ်လွှတ်ခဲ့သော်လည်း ထိမှန်မှုအခြေအနေကိုတိတိကျကျမသိရသေးကြောင်း၊ လေယာဉ်မှာ အစ္စရေးပိုင်နက်အတွင်းသို့ မရောက်ရှိခဲ့ကြောင်း တပ်မတော်က ပြောကြားသည်။

ဩဂုတ် ၂၀ ရက်ကလည်း အစ္စရေးကြားဖြတ် ဒုံးကျည်တစ်စင်းသည် ကမ်းရိုးတန်းအပေါ်ရှိ ဒရုန်းတစ်စင်းကို ပစ်ချခဲ့ကြောင်းသိရသည်။ ဂါဇာကမ်းမြောင်ဒေသသည် ၂၀၀၇ ခုနှစ်မှစကာ အစ္စရေး၏ ပိတ်ဆို့မှုအောက်တွင်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

# ဂျပန်နိုင်ငံ၌ တိုက်ခန်းဈေးများ ၅၀ ရာခိုင်နှုန်းကျော် မြင့်တက်

**တိုကျို ဩဂုတ် ၂၁**
ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ တိုက်ခန်းဈေးများသည် လွန်ခဲ့သောနှစ်အစောပိုင်းထက် ယခုနှစ် ဇူလိုင်လတွင် ၅၀ ရာခိုင်နှုန်းကျော် မြင့်တက်သွားကြောင်း သိရသည်။

တန်ဖိုးကြီးကွန်ဒိုများ ဈေးကွက်ဝင်ရောက်လာခြင်းကြောင့် တိုကျိုအိုလံပစ်အားကစားကျေးရွာရှိ တိုက်ခန်းများအပါအဝင် တိုကျိုမြို့ရှိ တိုက်ခန်းဈေးများ မြင့်တက်လာခြင်းဖြစ်သည်။

အိမ်ခြံမြေစီးပွားရေး အဖွဲ့အစည်းတစ်ခုက လွန်ခဲ့သောလက တိုကျိုမြို့နှင့် အနီးဝန်းကျင်ဒေသရှိ တိုက်ခန်းသစ်တစ်ခန်း၏ ပျမ်းမျှဈေးသည် ယန်း သန်း ၁၀၀ သို့မဟုတ် အမေရိကန်ဒေါ်လာ ၆၈၀၀၀၀ ခန့်ရှိကြောင်း ပြောခဲ့သည်။ ရာခိုင်နှုန်းအားဖြင့် ၅၆ ရာခိုင်နှုန်းခန့် မြင့်တက်လာခဲ့ခြင်းဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

# အရှေ့တောင်အာရှနိုင်ငံကြီးများတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရပ်တန့်လျက်ရှိ

**မနီလာ ဩဂုတ် ၂၁**
အရှေ့တောင်အာရှနိုင်ငံကြီးများတွင် စီးပွားရေးဖွံ့ဖြိုးမှုသည် ယခုနှစ် ဒုတိယသုံးလပတ်ကာလတွင် နှေးကွေးခြင်း သို့မဟုတ် ဖွံ့ဖြိုးမှုရပ်တန့်ခြင်းများ ဖြစ်ပေါ်လျက်ရှိသည်။

ထိုင်းနိုင်ငံ၏ ဂျီဒီပီသည် လွန်ခဲ့သောနှစ် အလားတူကာလနှင့် နှိုင်းယှဉ်လျှင် ဧပြီမှ ဇွန်လအတွင်း ၁ ဒသမ ၈ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ ဂျီဒီပီ အတက်ဘက်သို့ပြနေသော်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းမှာ ယခင်နှစ် အလားတူကာလထက် နည်းသွားသည်။

တရုတ်၊ အမေရိကန်နှင့် ဥရောပသို့ မော်တော်ယာဉ်နှင့် တိကျသောအတိုင်းအတာပစ္စည်းတင်ပို့မှုများ လျော့နည်းကျဆင်းလျက်ရှိသောကြောင့် နိုင်ငံ၏ကုန်ထုတ်လုပ်မှုကဏ္ဍမှာလည်း ကျဆင်းနေသည်။ ဒေသတွင်း အကြီးဆုံးဖြစ်သော အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေးသည် ယခင်နှစ်အစောပိုင်းထက် ၅ ဒသမ ၂ ရာခိုင်နှုန်းအတက်ပြလျက်ရှိသည်။

အလားတူ ဖိလစ်ပိုင်နိုင်ငံ၏စီးပွားရေးသည် ၄ ဒသမ ၃ ရာခိုင်နှုန်း၊ မလေးရှား ၂ ဒသမ ၉ ရာခိုင်နှုန်းနှင့် စင်ကာပူ ၀ ဒသမ ၅ ရာခိုင်နှုန်းအတက် ပြလျက်ရှိသည်။ သို့သော်လည်း ယခင်နှစ်အလားတူကာလကဲ့သို့ပင် စီးပွား ရေးဖွံ့ဖြိုးမှုအရှိန်အဟုန်မှာ ထူးမခြားနားဖြစ်လျက်ရှိသည်။

အရှေ့တောင်အာရှနိုင်ငံများသည် တရုတ်နိုင်ငံနှင့် နီးကပ်စွာ စီးပွားရေးဆောင်ရွက်လျက်ရှိသောကြောင့် တရုတ်နိုင်ငံတွင် အိမ်ခြံမြေဈေးကွက်အေးလာခြင်းက အရှေ့တောင်အာရှနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို နှေးကွေးလာနိုင်စေသည့်အတွက် စိုးရိမ်မှုများ မြင့်တက်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

# ဂျပန်နိုင်ငံ၌ အပူချိန်ဆက်လက်မြင့်တက်ပြီး နေရာအချို့တွင် အန္တရာယ်ရှိသောအဆင့်သို့ ရောက်ရှိ

**တိုကျို ဩဂုတ် ၂၁**
ဂျပန်နိုင်ငံ၌ ဩဂုတ် ၂၁ ရက်သည် အပူချိန်မြင့်သော နေ့တစ်နေ့ဖြစ်ပြီး နေရာအချို့တွင် အမြင့်ဆုံးအပူချိန်မှာ အန္တရာယ်ရှိသောအဆင့်သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

နီအိဂါတာပြည်နယ် အဂမြို့သည် အပူချိန် ၃၈ ဒသမ ၄ ဒီဂရီရှိပြီး ဟာရိုဂိုခရိုင် အာဆာဂိုမြို့တွင် အပူချိန် ၃၈ ဒသမ ၃ ဒီဂရီနှင့် ဟိရာကာတာမြို့တွင် အပူချိန် ၃၈ ဒသမ ၂ ဒီဂရီရှိကြောင်း သိရသည်။ အပူချိန်မြင့်တက်မှုသည်ဩဂုတ် ၂၂ ရက်အထိ ဆက်လက်တည်ရှိရန် ခန့်မှန်းထားသည်။

ပူပြင်းသည့် ရာသီဥတုမှာ လာမည့်တနင်္လာနေ့အထိဖြစ်ပြီး အဓိကအားဖြင့် ဂျပန်နိုင်ငံမြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင် ဆက်လက်မြင့်တက်နိုင်ဖွယ်ရှိကြောင်း မိုးလေဝသအာဏာပိုင်များက ပြောကြားသည်။ ပူပြင်းသည့်အပူချိန်ကြောင့် လူအများအပြား၏ ကျန်းမာရေးကို ထိခိုက်ပြီး အပူဒဏ်ကြောင့် သေဆုံးမှုများဖြစ်ပေါ်နိုင်ကြောင်း သိရသည်။ လေအေးပေးစနစ်မရှိဘဲ အပြင်ဘက် သို့မဟုတ် အတွင်း၌ အားကစားလုပ်ခြင်းမှ ရှောင်ကြဉ်ရန် မိုးလေဝသအာဏာပိုင်များက အကြံပြုထားသည်။ **အင်န်အိတ်ချ်ကေ**

# အိုင်အက်စ်အက်စ်ကိုသွားမည့် အာကာသယာဉ်မှူးများ ကနေဒီအာကာသစင်တာသို့ ရောက်ရှိလာ

**တိုကျို ဩဂုတ် ၂၁**
နိုင်ငံတကာအာကာသစခန်း (အိုင်အက်စ်အက်စ်) ထံသွားမည့် နောက်ထပ်အာကာသယာဉ်မှူးများသည် အာကာသယာဉ်လွှတ်တင်မည့် အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်ရှိ ကနေဒီအာကာသစင်တာသို့ ရောက်ရှိလာပြီဖြစ်ကြောင်း သိရသည်။

ဂျပန်အာကာသယာဉ်မှူး ဖူရူကာဝါ ဆာတိုရှိသည် အမေရိကန်၊ ဒိန်းမတ်နှင့် ရုရှားနိုင်ငံတို့မှ အာကာသယာဉ်မှူးများနှင့်အတူ ဩဂုတ် ၂၀ ရက်က အဆိုပါစင်တာသို့ ရောက်ရှိလာသည်။ အဆိုပါ အာကာသယာဉ်မှူးများဖြင့် ပုဂ္ဂလိကပိုင် ခရူးဒရက်ဂွန်အာကာသယာဉ်ဖြင့် ဩဂုတ် ၂၅ ရက် နံနက် ၃ နာရီ ၄၉ မိနစ်တွင် လွှတ်တင်သွားရန် စီစဉ်ထားသည်။

ဖူရူကာဝါသည် အာကာသစခန်းတွင် ခြောက်လခန့်နေထိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ ၎င်း၏ တွဲဖက်အာကာသယာဉ်မှူးများနှင့်အတူ အာကာသဝတ်စုံ အစမ်းဝတ်လေ့ကျင့်မှုအပါအဝင် အမျိုးမျိုးသော နောက်ဆုံးပြင်ဆင်မှုများကို နောက်ငါးရက်အတွင်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဖူရူကာဝါက သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

ထို့ပြင် ဂျပန်အာကာသယာဉ်မှူး ဝါကာတာ ကိုအီချိထံမှ တာဝန်များကို လက်ဆင့်ကမ်းယူပြီး နိုင်ငံတကာအာကာသစခန်းတွင် တာဝန်များကို ကြိုးစားလုပ်ဆောင်သွားမည်ဖြစ်သည်။ ယိုကိုဟားမားဇာတိဖြစ်သည့် အသက် ၅၉ နှစ်အရွယ် ဖူရူကာဝါသည် ၂၀၁၁ ခုနှစ်တွင် ရုရှား ဆိုယုဇ်အာကာသယာဉ်ဖြင့် နိုင်ငံတကာ အာကာသစခန်းသို့ ပထမဆုံးအကြိမ် သွားရောက်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**



## မော်တောင်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ



မော်တောင် ကုန်သွယ်ရေးစခန်း အနေဖြင့် ၂၀၂၃ ခုနှစ် ဩဂုတ် ၁၆ ရက်မှ ၂၀ ရက်အထိ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၀ ဒသမ ၁၉၈၅ သန်း၊ သွင်းကုန်တန်ဖိုးအမေရိကန်ဒေါ်လာ ၀ ဒသမ ၀၀၆၇ သန်း၊ စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၀ ဒသမ၂၀၅၂ သန်း ကုန်သွယ်မှုဆောင်ရွက်နိုင်ခဲ့သည်။

မော်တောင် ကုန်သွယ်ရေးစခန်းမှ ဩဂုတ် ၁၆ ရက်မှ ၂၀ ရက်အထိ အဓိကတင်ပို့ခဲ့သောကုန်ပစ္စည်းများမှာ ငါးမျိုးစုံ ၁၁၀ ဒသမ ၀၉ တန်၊ ရွှံ့ငါးဇင်ကန်း (အရှင်) ၃ ဒသမ ၅၅ တန်၊ ဂုံး (အရှင်) ၁ ဒသမ ၄၅ တန်၊ ဂဏန်း (အသေ) ၄ ဒသမ ၂ တန်၊ ချင်းခရု (အရှင်) ၁၆ ဒသမ ၈ တန်၊ ကျောက်ပုစွန် (အရှင်) ၀ ဒသမ ၇၉ တန်၊ ငှက်ပျောသီး ၃၅ တန်၊ ငရုတ်သီးစိမ်း ၁၆ ဒသမ ၀၄ တန် တင်ပို့နိုင်ခဲ့ပြီး အဓိကတင်သွင်းခဲ့သောကုန်ပစ္စည်းများမှာ သစ်သီး ၄ ဒသမ ၅ တန်နှင့် ကြွေပြား ၁၆၀၀ စတုရန်းမီတာတို့ဖြစ်သည်။

၂၀၂၃ ခုနှစ် ဩဂုတ် ၁၉ ရက် ပြင်ပငွေလဲနှုန်းမှာ မြန်မာငွေကျပ် တစ်သိန်းလျှင် ဘတ် ၉၅၂ ဒသမ ၄၊ တစ်ဘတ်လျှင် မြန်မာငွေကျပ် ၁၀၅ ကျပ်ခန့်ရှိကြောင်း သိရှိရသည်။

## ရွှေဘိုခရိုင်တွင် ဖြစ်ပေါ်နေသော စပါး၊ ဆန်ဈေးနှုန်းများနှင့် စီးထွက်မှုအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ်များ၌ ဩဂုတ် တတိယပတ်တွင် စပါး၊ ဆန်ဈေးနှုန်းများ အနည်းငယ်မြင့်တက်နေကြောင်း၊ ရွှေဘိုခရိုင်မှ အခြားတိုင်းဒေသကြီး/ ပြည်နယ်များသို့ ဆန်စီးထွက်မှုအနေဖြင့် ဩဂုတ် ဒုတိယပတ်တွင် ရန်ကုန်သို့ အိတ်ရေ ၁၂၅၀၀၊ မန္တလေးသို့ အိတ်ရေ ၂၆၉၀၀၊ နေပြည်တော်သို့ အိတ်ရေ ၅၅၀၀၊ ရှမ်း(တောင်)သို့ အိတ်ရေ ၄၅၀၀၊ ရှမ်း (မြောက်) သို့ အိတ်ရေ ၄၅၀၀၊ ပခုက္ကူသို့ အိတ်ရေ ၆၀၀ စုစုပေါင်း အိတ်ရေ ၅၄၅၀၀၀ တန်အားဖြင့် ၂၇၂၅ တန် စီးထွက်ခဲ့ပြီး ယခုအပတ်တွင် ရန်ကုန်သို့ အိတ်ရေ ၁၄၀၀၀၊ မန္တလေးသို့ အိတ်ရေ ၂၆၄၀၀၊ နေပြည်တော်သို့ အိတ်ရေ ၅၀၀၀၊ ရှမ်း (တောင်) သို့ အိတ်ရေ ၄၅၀၀၊ ရှမ်း (မြောက်) သို့ အိတ်ရေ ၄၅၀၀၊ ပခုက္ကူသို့ အိတ်ရေ ၆၀၀၊ စုစုပေါင်း အိတ်ရေ ၅၅၀၀၀ တန်အားဖြင့် ၂၇၅၀ စီးထွက်ခဲ့သည့်အတွက် ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် ယခုအပတ်အတွင်း အိတ်ရေ ၅၀၀၊ တန်အားဖြင့် ၂၅ တန် ပိုမိုစီးထွက်ခဲ့ကြောင်း သိရသည်။

ရွှေဘိုမြို့၏ ဩဂုတ် တတိယပတ်တွင် ဖြစ်ပေါ်နေသော စပါး၊ ဆန်ဈေးနှုန်းများမှာ ရွှေဘိုပေါ်ဆန်းစပါးတင်း ၁၀၀ လျှင် ငွေကျပ် ၃၇၀၀၀၀၀ နှင့် ရွှေဘိုပေါ်ဆန်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၁၃၅၀၀၀ ဖြင့်လည်းကောင်း၊ ရောမင်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၁၃၈၀၀၀ ဖြင့်လည်းကောင်း၊ ၂၀၂၂-၂၀၂၃ ခုနှစ် နွေစပါး (ရွှေဝါထွန်း) တင်း ၁၀၀ လျှင် ငွေကျပ် ၁၉၀၀၀၀၀ နှင့် ရွှေဝါထွန်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၈၀၀၀၀ ဖြင့် လည်းကောင်း အရောင်းအဝယ်ဖြစ်နေကြောင်း သိရှိရသည်။ **DOCA (စစ်ကိုင်း)**

## မြဝတီကုန်သွယ်ရေးစခန်း ကုန်သွယ်မှုအခြေအနေ

မြဝတီကုန်သွယ်ရေးဇုန်မှ ထိုင်းနိုင်ငံနှင့်နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှုများ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၅ ရက်မှ ၁၈ ရက်အထိ ပို့ကုန်တင်ပို့မှုအနေဖြင့် ပြောင်း၊ ငရုတ်၊ ကြက်သွန်နီနှင့် ရေထွက်ကုန် ပစ္စည်းဖြစ်သည့် ငါးကြင်းစည်ဖောင်းတို့ကို တင်ပို့ခဲ့ပါသည်။ ယခုအခါ ထိုင်းနိုင်ငံမှ စားသောက်ကုန် လုပ်ငန်းများကို တွင်ကျယ်စွာ ဆောင်ရွက်လာမှုနှင့်အတူ အသုံးပြုရန် လိုအပ်ချက်ကြောင့် စားသောက်ကုန်ပစ္စည်း ကုန်ကြမ်းဝယ်လိုအား မြင့်တက်နေ၍ လတ်တလော ကာလများတွင် ပိုမိုတင်ပို့နိုင်ခဲ့သည်။

ဩဂုတ် ၁၅ ရက်မှ ၁၈ ရက်အထိ သွင်းကုန်ပစ္စည်း တင်သွင်းမှုအနေဖြင့် တိရစ္ဆာန်အစာ၊ စက်ဘီး၊ အဝတ်အထည်၊ ကားအပိုပစ္စည်း၊ ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်း၊ ဆိုင်ကယ်အပိုပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ စားသောက်ကုန်၊ ဖိနပ်၊ သစ်သီးမျိုးစုံ၊ အိမ်သုံးပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ စက်ရုံသုံးပစ္စည်း၊ စက်နှင့် စက်ပစ္စည်းကိရိယာများ၊ ယာဉ်/ယန္တရားစက်ပစ္စည်းများနှင့် အိမ်သုတ်ဆေးတို့ တင်သွင်းခဲ့သည်။

ဒေသ ငွေဈေးနှုန်းအနေဖြင့် တစ်ဘတ်လျှင် ၁၀၇ ဒသမ ၅၃ ကျပ်ဖြစ်ကြောင်း သိရှိရသည်။

## တာချီလိတ်ကုန်သွယ်ရေးစခန်း ကုန်သွယ်မှုအခြေအနေ

တာချီလိတ် ကုန်သွယ်ရေးစခန်းမှ ဩဂုတ် ၁၂ မှ ၁၈ ရက်အထိ ပို့ကုန်တင်ပို့မှုအနေဖြင့် ပြောင်းတန်ချိန် ၁၀၆၇ ဒသမ ၂၇၁ တန်၊ ကြက်သွန်ဖြူတန်ချိန် ၂၄၉ ဒသမ ၅ တန်၊ ကြက်သွန်နီ တန်ချိန် ၄၅ တန်နှင့် အခြားကုန်ကြမ်းပစ္စည်းများ တန်ချိန် ၁၈၈ တန် တင်ပို့နိုင်ခဲ့သည်။ တာချီလိတ် ကုန်သွယ်မှု လမ်းကြောင်း တစ်လျှောက်ရှိ ၄ မိုင်ဂိတ်၊ တာကော်တံတားဂိတ်၊ ကျိုင်းတုံ (နောင်နွန်းဂိတ်)၊ မိုင်း ဖြတ်ဂိတ်၊ ဖေ့ရဲဂိတ်တို့မှ ပို့ကုန်ယာဉ်များအား ကုန်ပစ္စည်း သယ်ဆောင်ခွင့်လက်မှတ်(QR) စစ်ဆေး၍ ဆောင်ရွက်နေသည့်အတွက် ကုန်သွယ်မှုတွင် လွယ်ကူချောမွေ့လျက်ရှိသည်။

တာချီလိတ် ကုန်သွယ်ရေးစခန်းအနေဖြင့် စက်သုံးဆီနှင့် ဆောက်လုပ်ရေးသုံး ပစ္စည်းများ အဓိကတင်သွင်းလျက်ရှိရာ ယခုအပတ်တွင် ဘိလပ်မြေ၊ ရေနံထွက်ပစ္စည်း (ဒီဇယ်/ဓာတ်ဆီ)၊ တွင်းထွက် (သတ္တုမှအပ) ဆောက်လုပ်ရေးပစ္စည်းများ၊ သံနှင့်သံမဏိ ဆောက်လုပ်ရေးပစ္စည်း၊ သုတ်ဆေး/ပေါလစ်များ၊ သွပ်ပြားတို့ တင်သွင်းခဲ့သည်။ တစ်ပတ်အတွင်း ပျမ်းမျှငွေလဲနှုန်းအနေဖြင့် ကျပ်တစ်သိန်းလျှင် ဘတ် ၁၀၁၀ ဖြစ်ပေါ်ခဲ့ကြောင်း သိရှိရသည်။

## မြိတ်ကုန်သွယ်ရေးစခန်း ကုန်သွယ်မှုအခြေအနေ

မြိတ်ကုန်သွယ်ရေးစခန်းမှ ဩဂုတ် ၁၆ ရက်မှ ဩဂုတ် ၂၀ ရက်အတွင်း ပို့ကုန် တင်ပို့မှု ငါးကြိတ်သားတစ်တန်လျှင် ဒေါ်လာ ၁၈၂၀ နှုန်းဖြင့် ၁၄ ဒသမ ၄ တန်ကို အကောက်ခွန်သက်သာခွင့်ဆိုင်ရာ ပင်းရင်းနိုင်ငံသက်သေခံလက်မှတ် Form D အကျိုးခံစားခွင့် လျှောက်ထားရယူ၍ တင်ပို့နိုင်ခဲ့သည်။

မြိတ်ဒေသတွင် ဓာတ်ဆီတစ်လီတာ ငွေကျပ် ၃၂၁၀ နှင့် ဒီဇယ်တစ်လီတာ ငွေကျပ် ၃၂၀၀ ဖြင့် ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရှိရသည်။ ဒေသငွေလဲနှုန်းအနေဖြင့် ကျပ်/ဘတ် ငွေလဲနှုန်းမှာ တစ်ဘတ်လျှင် ၁၀၈ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရှိရသည်။

### ၂၁ - ၈ - ၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ |
| ၁ | မြစ်ကြီးနား | ၄၀၀၀ | | ၁၃၀၀၀ | ၉၅၀၀ | ၂၂၀၀၀ | ၃၀၀၀ | ၉၅၀၀ | ၈၅၀၀ | ၅၀၀၀ | ၆၅၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | လားရှိုး | ၄၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၂၂၀၀၀ | ၃၅၀၀ | ၇၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၅၅၀၀ | ၁၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၃၅၀၀ | ၁၂၅၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၆၅၀ | | ၁၆၀၀၀ | ၈၅၀၀ | ၂၀၀၀၀ | ၃၂၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၈၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | | ၁၂၀၀၀ |
| ၄ | တောင်ကြီး | ၃၂၀၀ | ၂၇၅၀ | ၉၀၀၀ | ၉၆၀၀ | ၂၂၀၀၀ | ၃၃၀၀ | ၈၈၀၀ | ၈၈၀၀ | ၄၅၀၀ | ၅၅၀၀ | ၆၀၀ | ၈၅၀၀ | ၆၃၀၀ | ၄၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၆၀၀၀ | ၁၀၀၀၀ |
| ၅ | လွိုင်ကော် | ၃၈၀၀ | ၂၉၀၀ | ၁၇၀၀၀ | ၈၈၀၀ | ၃၈၀၀၀ | ၃၃၀၀ | ၁၀၀၀၀ | ၇၂၀၀ | ၅၅၀၀ | ၄၅၀၀ | ၈၀၀ | ၈၀၀၀ | ၆၈၀၀ | ၃၇၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ |
| ၆ | ဘားအံ | ၂၇၀၀ | | ၁၂၀၀၀ | ၈၉၀၀ | ၁၆၀၀၀ | ၃၂၀၀ | ၁၀၀၀၀ | ၉၅၀၀ | ၅၅၀၀ | ၆၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၃၀၀၀ | ၃၅၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၃၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၂၉၀၀ | | ၁၅၆၀၀ | ၉၀၀၀ | ၁၇၀၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၀၀၀၀ |
| ၈ | ထားဝယ် | ၃၇၅၀ | | ၁၇၅၀၀ | ၇၇၀၀ | ၁၅၀၀၀ | ၃၀၀၀ | ၁၀၀၀၀ | ၉၅၀၀ | ၄၈၀၀ | ၅၀၀၀ | ၈၀၀ | ၇၉၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၈၀၀ | ၃၇၀၀ | ၁၃၅၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၄၅၀ | | ၁၆၀၀၀ | ၈၆၀၀ | ၁၈၀၀၀ | ၃၃၀၀ | ၁၀၀၀၀ | ၉၅၀၀ | ၄၄၀၀ | ၇၂၀၀ | ၈၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၄၃၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၉၀၀၀ | ၂၄၀၀၀ | |
| ၁၀ | ရန်ကုန် | ၃၀၀၀ | ၂၇၀၀ | ၁၆၀၀၀ | ၈၅၀၀ | ၁၈၀၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၆၀၀ | ၇၅၀၀ | ၇၅၀၀ | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၃၁၀၀ | | ၁၄၀၀၀ | ၁၀၀၀၀ | ၁၈၀၀၀ | ၃၀၀၀ | ၈၀၀၀ | ၈၂၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀ | ၆၅၀၀ | ၅၈၀၀ | ၄၅၀၀ | ၃၂၀၀ | ၃၇၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၈၀၀၀ |
| ၁၂ | စစ်တွေ | ၃၂၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၁၁၀၀၀ | ၁၇၅၀၀ | ၃၂၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၅၅၀၀ | ၈၀၀၀ | ၆၀၀ | ၈၂၀၀ | ၇၀၀၀ | ၃၀၀၀ | ၄၃၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | |
| ၁၃ | ဟားခါး | ၅၂၀၀ | | ၁၈၅၀၀ | | ၃၀၀၀၀ | ၃၀၀၀ | ၈၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၇၀၀၀ | | ၄၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | | ၁၂၀၀၀ |
| ၁၄ | မုံရွာ | ၅၆၀၀ | | ၁၃၅၀၀ | ၁၀၅၀၀ | ၁၉၀၀၀ | ၂၃၀၀ | ၇၅၀၀ | ၈၅၀၀ | ၆၀၀၀ | ၅၀၀၀ | ၈၀၀ | ၇၈၀၀ | ၇၀၀၀ | ၄၀၀၀ | ၂၆၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ |
| ၁၅ | မန္တလေး | ၄၀၀၀ | ၂၇၅၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၂၂၀၀၀ | ၂၄၀၀ | ၇၂၀၀ | ၈၀၀၀ | ၅၀၀၀ | ၇၅၀၀ | ၈၀၀ | ၉၈၀၀ | ၆၈၀၀ | ၆၀၀၀ | ၂၈၀၀ | ၃၆၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၁၆ | ပခုက္ကူ | ၄၀၀၀ | | ၁၄၅၀၀ | ၈၅၀၀ | ၁၈၀၀၀ | ၂၉၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၆၀၀ | ၇၇၀၀ | ၇၇၀၀ | ၃၀၀၀ | ၃၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၂၃၀၀၀ | ၁၇၀၀၀ | ၂၃၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၃၈၀၀ | | ၁၄၅၀၀ | ၉၀၀၀ | ၁၈၀၀၀ | ၃၀၀၀ | ၇၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၅၅၀၀ | ၃၂၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၇၅၀၀ |
| ၁၈ | ပြည် | ၂၇၅၀ | | ၁၄၀၀၀ | ၁၀၅၀၀ | ၂၅၀၀၀ | ၃၄၀၀ | ၁၀၀၀၀ | ၉၅၀၀ | ၄၅၀၀ | ၆၅၀၀ | ၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၂၉၀၀ | | ၁၃၀၀၀ | ၉၇၀၀ | ၁၆၀၀၀ | ၃၄၀၀ | ၈၀၀၀ | ၇၅၀၀ | | ၇၅၀၀ | ၄၅၀ | ၈၄၀၀ | ၆၂၀၀ | ၃၀၀၀ | ၃၀၀၀ | ၃၆၅၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၅၀၀ |
| ၂၀ | ပျဉ်းမနား | ၃၄၀၀ | | ၁၅၈၀၀ | ၁၀၀၀၀ | ၁၉၀၀၀ | ၂၇၀၀ | ၈၂၀၀ | ၈၅၀၀ | ၄၂၀၀ | ၅၀၀၀ | ၄၀၀ | ၇၂၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၂၁ | နေပြည်တော် | ၃၄၀၀ | | ၁၆၄၀၀ | ၁၀၀၀၀ | ၂၀၀၀၀ | ၂၈၀၀ | ၈၅၀၀ | ၈၅၀၀ | ၄၅၀၀ | ၅၂၀၀ | ၄၀၀ | ၇၅၀၀ | ၆၅၀၀ | ၄၂၀၀ | ၃၂၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၁၈၅၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၂၂ | ကလေး | ၄၃၀၀ | ၄၂၀၀ | ၁၄၅၀၀ | ၁၀၀၀၀ | ၂၂၀၀၀ | ၂၅၀၀ | ၄၅၀၀ | ၇၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၇၀၀ | ၈၃၀၀ | ၆၃၀၀ | ၄၀၀၀ | ၃၇၀၀ | ၃၃၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၈၀၀၀ | ၈၀၀၀ |

မှတ်ချက်။ (၁) ဧည့်မထဆန် တစ်ပြည်လျှင် လားရှိုးတွင် ငွေကျပ် ၁၀၀၊ ထားဝယ်တွင် ငွေကျပ် ၂၀၀၊ ငစိန်ဆန်တစ်ပြည်လျှင် လားရှိုးတွင် ငွေကျပ် ၅၀၀၊ စားအုန်းဆီတစ်ပိဿာလျှင် မြစ်ကြီးနား၊ မော်လမြိုင်၊ ပုသိမ်၊ ပြည်၊ နေပြည်တော်နှင့် ပျဉ်းမနားတွင် ငွေကျပ် ၅၀၀၊ တောင်ကြီး၊ မြိတ်နှင့်မန္တလေးတွင် ငွေကျပ် ၁၀၀၊ ဘားအံနှင့် မုံရွာတွင် ငွေကျပ် ၆၀၀၊ စစ်တွေတွင် ငွေကျပ် ၁၀၀၀၊ ရန်ကုန်တွင် ငွေကျပ် ၃၁၀၀၊ ငရုတ်ခြောက် တစ်ပိဿာလျှင် ကျိုင်းတုံတွင် ငွေကျပ် ၅၀၀၊ ကြက်သွန်နီတစ်ပိဿာလျှင် ကျိုင်းတုံ၊ ဘားအံ၊ မော်လမြိုင်၊ မြိတ်၊ ပုသိမ်၊ မန္တလေး၊ ပခုက္ကူ၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ငွေကျပ် ၂၀၀၊ တောင်ကြီးတွင် ငွေကျပ် ၃၀၀၊ စစ်တွေနှင့် ပြည်တွင် ငွေကျပ် ၄၀၀၊ ပဲခူးတွင် ငွေကျပ် ၆၀၀၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် မြစ်ကြီးနား၊ ကျိုင်းတုံ၊ ဘားအံနှင့် ထားဝယ်တွင် ငွေကျပ် ၅၀၀၊ တောင်ကြီးတွင် ငွေကျပ် ၁၃၀၀၊ (ကြူကုတ်စ) တစ်ပိဿာလျှင် မြစ်ကြီးနား၊ ကျိုင်းတုံနှင့် ဘားအံတွင် ငွေကျပ် ၅၀၀၊ တောင်ကြီးတွင် ငွေကျပ် ၃၀၀၊ မော်လမြိုင်နှင့် ထားဝယ်တွင် ငွေကျပ် ၁၀၀၀၊ ချင်းတစ်ပိဿာလျှင် တောင်ကြီး၊ မြိတ်တွင် ငွေကျပ် ၂၀၀၊ စစ်တွေတွင် ငွေကျပ် ၅၀၀၊ မန္တလေးတွင် ငွေကျပ် ၁၅၀၀၊ ဆားတစ်ပိဿာလျှင် ဟားခါးတွင် ငွေကျပ် ၂၀၀၊ အာလူးတစ်ပိဿာလျှင် စစ်တွေတွင် ငွေကျပ် ၁၀၀ ဈေးတက်ခဲ့သည်။

(၂) ငရုတ်ခြောက်တစ်ပိဿာလျှင် ဘားအံတွင် ငွေကျပ် ၁၀၀၀၊ ထားဝယ်တွင် ငွေကျပ် ၃၀၀၀၊ ကုလားပဲဝါ တစ်ပိဿာလျှင် တောင်ကြီးတွင် ငွေကျပ် ၂၀၀၊ သကြားတစ်ပိဿာလျှင် တောင်ကြီးတွင် ငွေကျပ် ၁၀၀ ဈေးကျခဲ့သည်။

## မင်္ဂလာဒုံမြို့နယ်အတွင်း လမ်းများကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာသပ်ရပ်ရေး ရန်ကုန်မြို့တော်ဝန် ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဩဂုတ် ၂၁**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ဒုတိယမြို့တော်ဝန်၊ အတွင်းရေးမှူး၊ ကော်မတီဝင်များ၊ ဌာနမှူးများနှင့်အတူ ယနေ့နံနက်ပိုင်းက မင်္ဂလာဒုံမြို့နယ် နွယ်ခွေ ရပ်ကွက် နတ်စင်လမ်း ကတ္တရာကွန်ကရစ်ခင်းကျင်းပြီးစီးမှု၊ နတ်စင်လမ်းဖြတ် Box Culvert တည်ဆောက်နေမှု၊ ပေါက်ကုန်းရပ်ကွက် ဒနင်းရိုးချောင်း ရေစီးရေလာကောင်းမွန်ရေးနှင့် ရောဝတီလမ်းတစ်လျှောက် သန့်ရှင်းသာယာသပ်ရပ်ရေး ဆောင်ရွက်နေမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။



ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ပေါက်ကုန်းရပ်ကွက် ရောဝတီလမ်းသို့ သွားရောက်၍ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးနှင့် ဌာနများမှ တွဲဖက်ဝန်ထမ်းများ ပူးပေါင်းအင်အားဖြင့် ဒနင်းရိုးချောင်းနှင့် ရောဝတီလမ်း ရေမြောင်းရေစီးရေလာကောင်းမွန်စေရန် အမှိုက်နှင့်နုန်းများ ဆယ်ယူရှင်းလင်းနေမှု၊ ရောဝတီလမ်းတစ်လျှောက် မြက်ပင်ချုံနွယ်များ ရှင်းလင်းနေမှု၊ အမှိုက်၊ သဲ၊ ခဲ၊ သစ်ရွက်ခြောက်ကြွေများ လှည်းကျင်းနေမှုနှင့် လမ်းတစ်လျှောက် သန့်ရှင်းရေးပြုလုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သိရသည်။

**သတင်းစဉ်**

## ❐ ကျောဖုံးမှ

အဆိုပါ ဝေလငါးမျိုးစိတ်ငါးကြီးကို မြို့ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစီး၍ ချောင်းသာမြို့ အုပ်ချုပ်ရေးမှူး၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မိတ်ဖက်ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ ပင်လယ်ပြင်သို့ ဘေးမဲ့ပြန်လည်လွှတ်ပေးခဲ့ကြောင်း သိရှိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

## ❖ ကျောဖုံးမှ

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ထွန်တုံးရပ်ကွက် ၅၂ လမ်းနှင့် ၁၁၁ စီ လမ်းထောင့်ရှိ ဇော်မိုးလွင်(ခ) လာရွတ်ဆန်ငှာ၏ နေအိမ်ကို သတင်းအရရှာဖွေရာ နေအိမ်မှ အိုက်စ်(မက်သ်အဖက်တမင်း) ၄၇ ကီလို၊ ဘိန်းဖြူ ၁၂၀ ဂရမ်နှင့် တရားမဝင်သိုလှောင်ထားသည့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၂ တန် သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ မွန်းလွဲ ၁ နာရီခွဲတွင် သိမ်းဆည်းရမိမူးယစ်ဆေးဝါးများနှင့် ထိန်းချုပ်ဓာတုပစ္စည်းများပိုင်ရှင် အောင်သူအား ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၁၉)ရှိ ၎င်း၏နေအိမ်တွင်လည်းကောင်း၊ သတင်းကွင်းဆက်အရ ညနေ ၄ နာရီခွဲတွင် ချမ်းအေးသာစံမြို့နယ် စိတ္တရမဟီရပ်ကွက် ၇၆ လမ်းနှင့် ၂၇ အေ လမ်းထောင့်ရှိ နန္ဒကို (ခ) နန္ဒ၏ နေအိမ်ကိုရှာဖွေရာ ၎င်းအား စိတ်ကြွရူးသွပ်ဆေးပြား ၉ ဒသမ ၆၁၂ သိန်း၊ ဘိန်းဖြူ ၂၇၀ ဂရမ်နှင့်လည်းကောင်း ဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်းဒေသကာလ တန်ဖိုးငွေကျပ် ၂ ဒသမ ၉၅ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) ၄၇ ကီလို၊ ဘိန်းဖြူ ၃၉၀ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၉ ဒသမ ၆၁၂ သိန်းနှင့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၂ တန် သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့သုံးဦးအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား စုံစမ်းဖော်ထုတ်လျက်ရှိကြောင်းနှင့် အမှုတွင်ဆက်စပ်ပါဝင်သူများ၏ ငွေကြေးအကျိုးအမြတ်များနှင့် ပိုင်ဆိုင်မှုများကို ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ ဆက်လက်အရေးယူသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**သတင်းစဉ်**

## ၂၀၂၃ ခုနှစ် အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှု နည်းပြနှင့် ဒိုင်သင်တန်းဖွင့်ပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၂၁**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်က ကြီးမှူးဖွင့်လှစ်သည့် ၂၀၂၃ ခုနှစ် အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှုနည်းပြနှင့် ဒိုင်သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏာဉ္စကျင်းပရာ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အမှုဆောင်များ၊ သင်တန်းနည်းပြဆရာများနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ သင်တန်းသူများ တက်ရောက်သည်။

ဖွင့်ပွဲတွင် ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌက သင်တန်းနှင့်ပတ်သက်၍ ဖြည့်စွက်ရှင်းလင်းပြောကြားသည်။

သင်တန်းသို့ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ သင်တန်းသူ ၅၂ ဦး တက်ရောက်ပြီး ဩဂုတ် ၂၁ ရက်မှ ၂၇ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**အားကာမောင်**

## အငြိမ်းစား သက်ကြီးရွယ်အို ဘိုးဘွားများနှင့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်း ၂၀၀၀ ကျော်တို့အား စတုဒိသာလှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၁**

နေပြည်တော် ပျဉ်းမနားမြို့ မြန်မာ့စီးပွားရေးဘဏ်သို့ ပင်စင်လစာငွေ လာရောက်ထုတ်ယူကြသည့် အငြိမ်းစားသက်ကြီးရွယ်အို ဘိုးဘွားများနှင့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်း ၂၀၀၀ ကျော်တို့အား ဆုလာဘ်ပိုင်ကုမ္ပဏီ မိသားစုက လစဉ်စတုဒိသာ လှူဒါန်းလျက်ရှိရာ လှူဒါန်းမှုသည် (၁၄) ကြိမ်မြောက်ရှိခဲ့ပြီဖြစ်ပြီး ယနေ့တွင် မော်လမြိုင် မုန့်ဟင်းခါးနှင့် သောက်ရေသန့်များ ကုသိုလ်ပြုလှူဒါန်းပေးခဲ့ကြောင်း သိရသည်။



ပင်စင်စား ဘိုးဘွားများအတွက် ရင်တွင်းစာနာစိတ်၊ တတ်နိုင်သမျှ ဖေးမကူညီလိုသော ဆန္ဒဖြင့် စတင်လှူဒါန်းခဲ့သည့် တစ်လတစ်ကြိမ် မေတ္တာပေးလှူ ဖေးမကူ စတုဒိသာအလှူကို ဆက်လက်လှူဒါန်းသွားမည် ဖြစ်ကြောင်း ဆုလာဘ်ပိုင်ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်ဘိုဘိုထံမှ သိရသည်။

**ဟန်နီ**

## ■ ကျောဖုံးမှ

ဝင်ရောက်ယှဉ်ပြိုင်ခြင်းမရှိကြောင်း သိရသည်။

အုပ်စုခွဲဝေထားမှုအရ လေးယောက်တွဲ အမျိုးသားပြိုင်ပွဲအုပ်စု (က)တွင် မြန်မာ၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ လာအို၊ အုပ်စု (ခ) တွင် ဂျပန်၊ တောင်ကိုရီးယား၊ စင်ကာပူ၊ အိန္ဒိယ၊ ဖိလစ်ပိုင်၊ အမျိုးသမီးပြိုင်ပွဲ အုပ်စု (က) တွင် ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ဂျပန်၊ မြန်မာ၊ အုပ်စု (ခ) တွင် ဖိလစ်ပိုင်၊ လာအို၊ အိန္ဒိယနှင့် တရုတ်၊ သုံးယောက်တွဲ အမျိုးသားပြိုင်ပွဲ အုပ်စု (က) တွင် မလေးရှား၊ စင်ကာပူ၊ ဗီယက်နမ်၊ အုပ်စု (ခ) တွင် ထိုင်း၊ ဖိလစ်ပိုင်၊ အိန္ဒိယ၊ မြန်မာ၊ အမျိုးသမီးပြိုင်ပွဲ အုပ်စု (က) တွင် အိန္ဒိယ၊ ဗီယက်နမ်၊ တရုတ်၊ အုပ်စု (ခ) တွင် တောင်ကိုရီးယား၊ ထိုင်းနှင့်မြန်မာအသင်းတို့ ပါဝင်နေသည်။

မြန်မာပိုက်ကျော်ခြင်းအသင်းသည် ၂၀၁၀ နှင့် ၂၀၁၄ အာရှအားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုများ ရယူနိုင်ခဲ့သော်လည်း ၂၀၁၈ ပြိုင်ပွဲတွင်မူ ရွှေ၊ ငွေဆုတံဆိပ်များနှင့် လွဲချော်ပြီး ကြေးတံဆိပ်တစ်ခုသာ ရယူနိုင်ခဲ့သည်။ မြန်မာပိုက်ကျော်ခြင်းအသင်းသည် ယခုနှစ်အတွင်း တတိယမြောက် နိုင်ငံတကာပြိုင်ပွဲအဖြစ် အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး မေလတွင် (၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၊ ဇူလိုင်တွင် ထိုင်းဘုရင့်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။

**ရဲရင့်လွင်**

## စင်စင်နတီအိုးပင်းပြိုင်ပွဲ ဒီဂျိုကိုဗစ် အနိုင်ရဗိုလ်စွဲ

စင်စင်နတီအိုးပင်းပြိုင်ပွဲ ဗိုလ်လုပွဲကို နာမည်ကြီး စပိန်တင်းနစ်အကျော်အမော် အယ်ကာရက်ဇ်နှင့် ဆားဘီးယား တင်းနစ်အကျော်အမော် ဒီဂျိုကိုဗစ်တို့ ဩဂုတ် ၂၁ ရက်က အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ပွဲ-တစ်ပွဲဖြင့် ဒီဂျိုကိုဗစ်က အနိုင်ရဗိုလ်စွဲကာ ဝင်ဘယ်ဒန် ရှုံးကြွေးပြန်ဆပ်နိုင်ခဲ့သည်။

၎င်းတို့နှစ်ဦးသည် ဇူလိုင် ၁၆ ရက်ကလည်း ဝင်ဘယ်ဒန်အိုးပင်းပြိုင်ပွဲ ဗိုလ်လုပွဲတွင် တွေ့ဆုံခဲ့ကြပြီး အယ်ကာရက်ဇ်က သုံးပွဲ-နှစ်ပွဲဖြင့် အနိုင်ရရှိကာ ဖလားဆွတ်ခူးနိုင်ခဲ့သည်။ ယခု စင်စင်နတီအိုးပင်းပြိုင်ပွဲဗိုလ်လုပွဲတွင် ဒီဂျိုကိုဗစ်သည် ပြိုင်ဘက် အယ်ကာရက်ဇ်ကို ၅-၇၊ ၇-၆ (၉-၇)၊ ၇-၆ (၇-၄) ဖြင့် အနိုင်ရရှိကာ ဖလားဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ တင်းနစ်ကစားသမားနှစ်ဦးသည် မကြာမီကျင်းပမည့် ယူအက်စ်အိုးပင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး အယ်ကာရက်ဇ်က ပထမဆုံးအကြိမ် ၎င်း၏ ချန်ပီယံဖလားကို ကာကွယ်ရမည်ဖြစ်ကာ ဒီဂျိုကိုဗစ်က ဂရင်းဆလမ်းဆုဖလားကို (၂၄) ကြိမ်မြောက် ဆွတ်ခူးရရှိရေး ကြိုးပမ်းအားထုတ်သွားမည် ဖြစ်ကြောင်း သိရသည်။

**အောင်ဇော်**

## အာဆီယံ ယူ-၂၃ ပြိုင်ပွဲ နောက်ဆုံးပွဲတွင် ဘရူနိုင်းကို မြန်မာအသင်း ဂိုးပြတ်အနိုင်ရ

**ရန်ကုန် ဩဂုတ် ၂၁**

၂၀၂၃ အာဆီယံ ယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု (က) နောက်ဆုံးနေ့ကို ဩဂုတ် ၂၁ ရက်က ထိုင်းနိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာအသင်းက ဘရူနိုင်းကို ဂိုးပြတ်အနိုင်ရခဲ့သည်။

အုပ်စုနောက်ဆုံးနေ့ကို မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် တစ်ချိန်တည်း ယှဉ်ပြိုင်ကစားခဲ့ပြီး မြန်မာအသင်းက ဘရူနိုင်းအသင်းကို လေးဂိုး-တစ်ဂိုး၊ အိမ်ရှင်ထိုင်းအသင်းက ကမ္ဘောဒီးယားအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် ထိုင်းကိုရှုံး၊ ကမ္ဘောဒီးယားနှင့် သရေကျခဲ့သော်လည်း နောက်ဆုံးပွဲတွင် ဘရူနိုင်းကို ဂိုးပြတ်အနိုင်ရခဲ့သည်။

မြန်မာအသင်းအတွက် ဂိုးကို မိနစ် ၃၀ တွင် ရရှိသော ထောင့်ကန်ဘောမှတစ်ဆင့် အသင်းခေါင်းဆောင် နောင်နောင်စိုးက ပိတ်သွင်းယူသည်။ ဒုတိယပိုင်း ၄၆ မိနစ်တွင် စွမ်းထက်၊ ၅၃ မိနစ်တွင် မိုးဆွေနှင့် ၆၆ မိနစ်တွင် ချစ်အေးက သွင်းယူခဲ့ပြီး မိနစ် ၇၀ တွင် ဘရူနိုင်းအသင်းက ချေပဂိုးတစ်ဂိုး ပြန်သွင်းခဲ့သည်။

အုပ်စု (က) ပွဲစဉ်များအပြီးတွင် ထိုင်းအသင်းက သုံးပွဲစလုံးအနိုင်ရပြီး ရမှတ်ကိုးမှတ်ဖြင့် အုပ်စုပထမရရှိကာ ဆီမီးဖိုင်နယ် တက်ရောက်နိုင်ခဲ့သည်။ ကမ္ဘောဒီးယားနှင့် မြန်မာအသင်းသည် ရမှတ်လေးမှတ်စီ တူညီသော်လည်း ဂိုးကွာခြားချက်ဖြင့် ကမ္ဘောဒီးယားအသင်းက အုပ်စု ဒုတိယရခဲ့သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MFF**



## ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် နှစ်ဦး တွေ့ရှိ

(၂၁-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၂၀-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၁-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၉၀၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၅) ရာခိုင်နှုန်း ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် တိုက်တွန်းနှိုးဆော်

"ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့် ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါ ခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ရောဂါ၏ နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများ ထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျှော့ချနိုင်ခြင်းတို့ကြောင့် အသက် (၅) နှစ်နှင့် အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာ ကျန်းမာရေးဌာနများနှင့် ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး) များကို မဖြစ်မနေ သွားရောက်ထိုးနှံပါရန် အသိပေး နှိုးဆော်အပ်ပါသည်။"

ကျန်းမာရေးဝန်ကြီးဌာန



## တောင်ကုတ်မြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

တောင်ကုတ် ဩဂုတ် ၂၁

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်ကြည်သည် ဩဂုတ် ၁၉ ရက်က မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များနှင့်အတူ တောင်ကုတ်မြို့နယ်အတွင်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေး တောင်ကုတ်မြို့နယ် ကြက်ကိုင်း ကျေးရွာအုပ်စု ကြက်ကိုင်းကျေးရွာ၊ ကမ်းချုပ်တောင်ကျေးရွာ၊ ကျောက်မောင်နှမကျေးရွာအုပ်စု ကျောက်မောင်နှမကျေးရွာနှင့် ပေါက်ပြင်ကျေးရွာ၊ သင်နီကုန်းကျေးရွာများသို့ မြေပြင်ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာများအရောက် မြေပြင်ကွင်းဆင်းရာ၌ ကျေးရွာဖွံ့ဖြိုးရေးတွင်ပါရှိသော ကျေးရွာများ၌ ကျေးရွာသူ ကျေးရွာသားများ လုပ်ဆောင်ထားသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားကြရန် မှာကြားကြောင်း သိရသည်။

အောင်လှဖြူ(ရမ်းဗြဲ)


**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ပိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၀၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News


### ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၁ - ၈ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၂၅ ကျပ် | ၂၄၇၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၅၀၅ ကျပ် | ၂၅၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၂၃၅ ကျပ် | ၂၂၈၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၃၄၅ ကျပ် | ၂၃၉၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၁၀၀ | ၉၂၀၀ | ၉၉၄ | ၉၀၇၄၇၀၀ |
| MTSH | ၃၂၀၀ | ၃၂၅၀ | ၁၅၉၃၆ | ၅၀၄၉၅၃၀၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၅ | ၄၀၀၀၀ |
| FPB | ၁၆၅၀ | ၁၆၅၀ | ၅၅၂ | ၉၁၀၈၀၀ |
| TMH | ၂၄၀၀ | ၂၄၀၀ | ၁၀၀ | ၂၄၀၀၀၀ |
| EFR | ၂၃၅၀ | ၂၃၅၀ | ၂၃၉၅ | ၅၅၂၂၇၅၀ |
| AHPC | ၅၀၀၀ | ၄၉၀၀ | ၄ | ၁၉၇၀၀ |
| MAEPC | ၁၉၅၀ | ၁၉၅၀ | ၇၅၇၈ | ၁၄၇၇၇၁၀၀ |

ညီညီ - စုစည်းသည်

### မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၂-၈-၂၀၂၃ အင်္ဂါနေ့

**MRTV**

[illegible]
Sports Diary
[illegible]
MRTV National News
[illegible]

**mitv**

07:01 Evergreen Classic : Mytta (Kyawt Kay Khaing)
07:08 Myanmar's Bamboo Hat
07:21 Myanma Toddy Palm, A Source of Rural Income
07:35 Those Who Never Give Up (Ep-6) In Pursuit of a dream
08:01 News
08:27 Jade Pagoda: Weraweluna
08:45 Inlay Traditional Lotus Fabric
09:01 Talk & Discussion: All about Weight Loss
09:43 Myanmar Orchestra (Thachinkhant)
09:48 Gold from Garbage
10:01 News
10:27 Unique Art of Stucco Work (New Version)
10:44 Listening Pleasure, Instrumental Music (Myanmar Harp) Thida Yadana

**MRTV NRC**

[illegible]

**MRTV**

[illegible]
ECONOMIC REVIEW (Part-46)
ပြည်တွင်းသတင်း (LIVE)
[illegible]
Save Our Planet Program (Part 22)
ပြည်တွင်းသတင်း (LIVE)
ပြည်တွင်းသတင်း (LIVE)

[illegible]

**MRTV HD**

[illegible]
A Visit to Wambugu Apples Farmer in Kilimanjaro
[illegible]
Kart And Tina: Embracing Village Life in Japan : NHK World Prime

**MRTV Sports HD**

[illegible]
Sports Diary
MNL 2022 Match (Replay)
[illegible]

Education Channel [illegible]

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းရှိ အောက်ဖော်ပြပါ ဝင်းသူဇာ အရောင်းဆိုင် (၃)ဆိုင်နှင့် မြေညီထပ်တိုက်ခန်း(၁)ခန်းအား တင်ဒါခေါ်ယူငှားရမ်းသွားမည်ဖြစ်ပါသည်-

(က) ဝင်းသူဇာ(မန္တလေးဈေးချို) - ၈၄လမ်း၊ ၂၆x၂၇လမ်းကြား၊ ပထမထပ်၊ တောင်ဘက်ခြမ်း၊ မြောက်ဘက်တိုက်တန်း၊(၁၇၂.၆x ၄၈x ၁၂)ပေ၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

(ခ) ဝင်းသူဇာ(မန္တလေးဈေးချို) - ၈၄ လမ်း၊ ၂၆ x ၂၇လမ်းကြား၊ မြောက်ဘက်တိုက်တန်း၊ မြေညီထပ်ရှိ (စတိုခန်း)၊ ဆိုင်ခန်းအမှတ်(၁၁)(၁၂x၁၇x၁၂)ပေ၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

(ဂ) ဝင်းသူဇာ(ပဲခူး-၁) - (အမှတ်-၁၆/အေ)၊ ဦးပိုင်အမှတ်(၁၇) တောင်ငူလမ်းနှင့်(၃၃)လမ်းထောင့်၊ ရှင်စောပုရပ်ကွက်၊ မြေ(၀.၃၃၄)ဧကနှင့်(၄၀x၇၀x၁၁)ပေ၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး။

(ဃ) မြေညီထပ်တိုက်ခန်း (၁)ခန်း - ပန်းဘဲတန်းမြို့နယ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် (၄၀၅)ရှိ အခန်းအမှတ်(D1) (၁၀x၄၅)ပေ၊ မြေညီထပ်တိုက်ခန်း (၁)ခန်း၊ ရန်ကုန်တိုင်း ဒေသကြီး။

၂။ တင်ဒါပိတ်မည့်ရက် - ၆-၉-၂၀၂၃ ရက်၊ (၁၆:၀၀)နာရီ

၃။ တင်ဒါပေးသွင်းမည့်နေရာ - ဦးဆောင်ညွှန်ကြားရေးမှူးရုံးခန်း၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်။

၄။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အုပ်ချုပ်ရေးဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်။ ဖုန်း-၀၆၇-၃၄၀၈၀၇၈၊ ၀၆၇-၃၄၀၈၄၂၀ တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် -၅ ၊ နည်းဥပဒေ-၁ နှင့် ၅)
## ပျဉ်းမနားခရိုင်တရားရုံးတော်၌
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၈

ဒေါ်မြင့်မြင့်အေး **နှင့်** ၁။ ဦးကျော်အေး
၂။ ဒေါ်စန္ဒာဝင်း(ခ)ဒေါ်ယဉ်မင်းခိုင်(ခ)ထွေးထွေး
၃။ ဦးအောင်ကြီး
၄။ ဒေါ်ခင်ဝင်း

**(တရားလို)** **( တရားပြိုင်များ)**

၁။ ဦးကျော်အေး(ဘ)ဦးအောင်ကြီး၊ ၂။ ဒေါ်စန္ဒာဝင်း(ခ)ဒေါ်ယဉ်မင်းခိုင်(ခ)ထွေးထွေး၊ တဲကြီးကုန်းကျေးရွာ၊ တဲကြီးကုန်းအုပ်စု၊ ဇမ္ဗူသီရိမြို့နယ်နေသူ (ယခုနေရပ် လိပ်စာမသိသူ) တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ချေးငွေကျပ်(၁၃၄၅၀၀၀၀)နှင့် နစ်နာကြေးငွေ(၂၀၅၀၀၀၀)၊ စုစုပေါင်းငွေကျပ် (၁၅၅၀၀၀၀၀) ပြန်လည်ရလိုမှု"နှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ် ဩဂုတ်လ ၃၀ ရက် (၁၃၈၅ ခုနှစ် ဝါခေါင်လဆန်း ၁၄ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ဩဂုတ်လ ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခိုင်ခိုင်လေး)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**ပျဉ်းမနားခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ သိန္ဓုလမ်း၊ မြေကွက်အမှတ်(၅၈၂)၊ မြေအကျယ်ပေ (၄၀x၆၀)ရှိ ဦးရဲညွှန့်အမည်ပေါက် နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးကို အဆက်စပ်အရပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သန်းသန်းစိုး ၁၂/တမန(နိုင်)၀၀၈၆၄၅ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက စရန်ငွေပေးထားပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ခိုင်မာသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမြင့်ထွန်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၉၅၇၅)**
**ဖုန်း-၀၉-၄၂၇၂၅၂၀**

## ဖခင်အမည်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း

မိုင်းဆတ်မြို့၊ အ.ထ.က(မိုင်းဆတ်)၊ စာစစ်ဌာနမှ ၂၀၂၂-၂၀၂၃၊ ခုံအမှတ် (ရဇ-၈၀၆)ဖြင့် တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သော မောင်ပြည့်ဖြိုးစျာန်၏ ဖခင် ဦးလှိုင်ကိုဝင်း(ခ)ဦးဝင်းမင်းသန်း(ခ)ဦးဝင်းမောင်သန်း ၁၄/လမန(နိုင်)၀၅၅၆၃ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရန်အောင်(၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၇/ရန်အောင်မြောက်၊ ဦးပိုင်အမှတ်(၁၀၇)၊ ဧရိယာ ၀ ဒသမ ၀၆၂ ဧကရှိ ဘိုးဘပိုင်မြေကွက်အား အမည်ပေါက် ဒေါ်ခင်ဝင်းထွန်း ၉/ပမန(နိုင်)၀၂၅၅၂ မှ ဘိုးဘပိုင်မြေ အမည်ပေါက်ပြောင်းလဲသတ်မှတ်ပေးခြင်းစာအမှတ် ၀၁၁/၁၈-၁/နပတ(မြို့/မြေ)၊ အမွေဆက်ခံစာချုပ်အမှတ်(၀၅၃/၂၀၂၃)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး ဦးတင်မောင်အေး ၉/ပမန(နိုင်)၁၂၄၃၀၉(ပါ)၂-ဦးနှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါကဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂)ရပ်ကွက်၊ ပေါ်ဦး(၁)လမ်းနှင့် ပေါ်ဦးလမ်းမထောင့်၊ မြေကွက်အမှတ်(၈၆၃/ခ)၊ မြေအကျယ်ပေ(၂၀x၆၀)ရှိ ဒေါ်စိန်ညွန့်အမည်ပေါက် ပါမစ်မြေနှင့် ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးကို ဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဝတ်ရည်မြင့် ၁၂/ရကန(နိုင်)၀၅၉၆၈၂ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက စရန်ငွေပေးထားပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ခိုင်မာသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမြင့်ထွန်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၉၅၇၅)**
**ဖုန်း-၀၉-၄၂၇၂၅၅၂၀**

## ၄-၇-၂၀၂၃ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၌ ဒေါ်မြင့်မြင့်သန်း၏ လွှဲအပ်ညွှန်ကြားချက်အရ ရှေ့နေမှ အသိပေးကြေညာချက်နှင့်ပတ်သက်ပြီး အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားခရိုင်၊ ပျဉ်းမနားမြို့နယ်၊ ကံဦးကျေးရွာအုပ်စု၊ ကွင်း/အကွက် အမှတ်-၁၆၅၁၊ သပြေလှကွင်း ဦးပိုင်/မြေကွက် အမှတ်- ၃၁/၁၊ ဧရိယာ ၀ ဒသမ ၄၈ ဧကအကျယ်အဝန်းရှိသော ဝိုင်းခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော(၄ပင်x၃ပင်)(၂)ထပ် အဆောက်အအုံ နေအိမ်(၁)လုံးနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဦးမှတ်ကျော်-ဒေါ်ကြည်တို့လင်မယားနှစ်ဦးမှ ပိုင်ဆိုင်ကျန်ရစ်ခဲ့သည့်အတွက် အမွေဆိုင်များ အညီအမျှခွဲဝေရယူသေးခြင်းမရှိသော အမွေဆိုင်ပစ္စည်း ဖြစ်ပါသည်။

အထက်ဖော်ပြပါ အမွေဆိုင်အဖြစ် ကျန်ရှိခဲ့သည့် အိမ်ဝိုင်းခြံမြေကွက်အား အမွေဆိုင်ဖြစ်သူ ကျွန်ုပ်မိတ်ဆွေ ဒေါ်သီသီခိုင် (ဘ)ဦးမောင်ကို ၉/ပမန(နိုင်) ၀၆၂၀၇၇ အပါအဝင် ကျန်အမွေဆိုင်များ သိရှိသဘောတူညီခြင်းမရှိဘဲ ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး မမှန်မကန်ကြေညာခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ လဲလှယ်ခြင်း၊ ငှားရမ်းခြင်း၊ အမည်ပြောင်း/အမည်ပေါက်ကိစ္စရပ်များကို အခြားသူ တစ်ဦးတစ်ယောက်တို့မှ မိမိတို့တစ်ဦးတည်းသောသဘောဖြင့် မပြုလုပ်ရန်နှင့် အကယ်၍ ပြုလုပ်ဆောင်ရွက်ခဲ့ပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

**ဒေါ်သီသီခိုင်(ဘ)ဦးမောင်ကို ၉/ပမန(နိုင်)၀၆၂၀၇၇ ၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထက်ထက်စော(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၁၁၉/၂၀၁၉)**
**ကျောက်ချက်အုပ်စု၊သာယာအေးကျေးရွာ၊ဇေယျာသီရိမြို့နယ်၊ နေပြည်တော်၊**
**ဖုန်း-၀၉-၄၂၀၈၇၈၈၄၈**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ မြင်းခြံမြို့၊ အမှတ်(၉)ရပ်ကွက်၊ အိမ်အမှတ်(၄၀၃)နေ ဒေါ်နီ ၉/မခန(နိုင်)၀၂၈၆၀၁၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နီ၏သမီး ဒေါ်စန်းစန်းဝင်း(ခ)ဒေါ်စန်း ၉/မခန(နိုင်)၁၆၁၇၇၁ သည် မိခင်နှင့်အစ်ကိုအစ်မများ၏ ဆိုဆုံးမစကားကို နားမထောင်သည့်အပြင် မိခင်အား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်သည့်အတွက် နောက်နောင်တွင် ၎င်း၏ကိစ္စရပ်များနှင့်ပတ်သက်၍ မိခင်ဖြစ်သူ ဒေါ်နီနှင့် သက်ဆိုင်ခြင်းမရှိတော့ပါကြောင်းနှင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းမာသူ LL.B, LL.M**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၀၅၆)**
**၁၂/၉၈၊ အောင်သုခလမ်း၊ မြင်းခြံမြို့**
**ဖုန်း-၀၉-၂၅၆၁၀၃၅၆၃**

## ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ မဇင်းရပ်ကွက်၊ (ပ/၅)၊ မဟာစေတီလူနေဆိုင်ခန်းအတွင်းနေ ဦးစိုင်းမြတ်ကျော် ၁၃/တကန(နိုင်)၀၁၃၅၃၇ မှ ဇနီးဖြစ်သူ ဒေါ်မူမူဝင်း ၇/ပခန(နိုင်)၂၈၇၉၂၄သည် ခွင့်မလွှတ်နိုင်သော ကိစ္စများကို အကြိမ်ကြိမ်ကျူးလွန်ပြီး မိမိသဘောဆန္ဒအလျောက်ပြမူသွားပါသဖြင့် ၎င်းနှင့်ပတ်သက်သော ကိစ္စရပ်များအား ဖြေရှင်းဆောင်ရွက်ပေးမည် မဟုတ်ပါကြောင်းနှင့် ဇနီးအဖြစ်မှ စွန့်လွှတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုင်းမြတ်ကျော်**
**၁၃/တကန(နိုင်)၀၁၃၅၃၇**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည် -

| စဉ် | တင်ဒါအမှတ် | ပစ္စည်း အမျိုးအမည် |
|---|---|---|
| ၁ | ၁၅၁/မမ/ CE | Stress & Strain Recorder Accessories (1 ) lot ဝယ်ယူရန် |
| ၂ | ၁၅၂/မမ/ CE | FFU Synthetic Sleeper (၆) မျိုး (353) Nos ဝယ်ယူရန် |
| ၃ | ၁၅၃/မမ/ CE | 75/75 lb Check Block (11,000) Nos ဝယ်ယူရန် |
| ၄ | ၁၅၄/မမ/ CE | Bridge Hook Bolts & Nuts (11,500) Nos ဝယ်ယူရန် |
| ၅ | ၁၅၅/မမ/ CE | Insulated Grooved Rubber Pad (India) (200,000) Nos ဝယ်ယူရန် |

တင်ဒါပိတ်မည့်နေ့/အချိန် - ( ၄ . ၉ . ၂၀၂၃ ) ( ၁၄:၃၀ )နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါ ဌာနတွင် ( ၂၁ . ၈ . ၂၀၂၃) ရက်နေ့မှ စတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်-

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း 294352, 291994

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ ဘရဏီ(၂)လမ်း၊ အမှတ် (၇၂/ခ)၊ စတုတ္ထထပ်၊ (၅-လွှာ)၊ ပေ(၁၈x၅၄)အကျယ်တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုသူဖြစ်သော ဒေါ်ဝင်းမြင့် ၁၂/ဥကတ(နိုင်)၀၂၃၃၇၀၊ ဒေါ်ထိုက်ထိုက်အောင် ၁၂/ဥကတ(နိုင်)၁၆၃၉၆၀ တို့မှ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေဒေါ်မြစန္ဒီစိုး ၁၂/ဥကတ(နိုင်)၁၇၅၀၄၉ကလည်း ဝယ်ယူရန်အတွက် တိုက်ခန်း၏ ရောင်းဖိုးစရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုစာရွက် စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

| ဒေါ်သက်သက်မွန် | ဦးသုထက်ကျော်လွင် | ဒေါ်ပန်းမွှေး |
|---|---|---|
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| (စဉ်-၁၀၆၀၅/၂၀၁၅) | (စဉ်-၄၉၅၀၂/၂၀၁၈) | (စဉ်-၁၆၃၉၇/၂၀၁၉) |

**တိုက်(၄)၊ အခန်း(၃၁)၊ မြို့ပြအိမ်ရာ(တောင်ဘက်ခြမ်း)၊ (၈)မိုင်မီးပွိုင့်အနီး၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၉၅၅၃၄၇၅၃၊ ၀၉-၇၅၀၃၉၈၄၀၆**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးသိန်းငွေ၏သမီး မနန်းကေဆီခမ်း ၁၃/ကတန(နိုင်)၁၂၂၂၉၈ နှင့် နန်းကေဆီခမ်းမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**မနန်းကေဆီခမ်း(ခ)**
**နန်းကေဆီခမ်း**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ ဆည်မြောင်းဝင်း၊ စပါးလိုင်း၊ အမှတ်(ဂ/၁)နေ ဦးခင်မောင်ချို ၁၂/မရက(နိုင်)၀၆၄၀၉၀၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ရိပ်သာလမ်း၊ အမှတ်(၁၉၃)၊ မြေကွက်ပေါ်ရှိ (၅)ထပ်အဆောက်အအုံ၏ (မှန်ခန်း/ညာ)၊ အလွှာ(B-2)၊ ပေ(၁၂ ၁/၂ x၅၀)အကျယ်ရှိ တိုက်ခန်း၊ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်အိအိမွန် ၁၂/ရကန(နိုင်)၀၇၇၄၆၂ ထံမှ ကျွန်ုပ်မိတ်ဆွေ၏ အစ်မဖြစ်သူ ဒေါ်အေးအေးဆင့်(ကွယ်လွန်)နှင့် ဒေါ်ဖူးမြတ်အိမ်တို့မှ ၂၁-၁၁-၂၀၂၀ရက်တွင် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများသည် ကျွန်ုပ်မိတ်ဆွေ၏ လက်ဝယ်တွင်ရှိပါသည်။ ယင်းတိုက်ခန်းအား ကျွန်ုပ်မိတ်ဆွေ၏ သဘောတူခွင့်ပြုချက် တစ်စုံတစ်ရာမရရှိဘဲ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့အား မပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့ပါက ကျွန်ုပ်မိတ်ဆွေမှကန့်ကွက်ကြောင်း၊ အရှုပ်အရှင်းများဖြစ်ပေါ်လာပါက တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေမြတ်နိုး တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၈၆၀)**
**အမှတ်(၄/၈၃)၊ အောင်မင်္ဂလာကျောင်းလမ်း၊ ၄-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၈၈၃၃၂၁၀၂၀၊ ၀၉-၄၂၀၀၇၂၀၄၅**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၃ယ/၈၃၈၇၁ ယာဉ်လက်ဝယ်ရှိသူ ဦးစိုးဇော်လတ် ၆/ကသန(နိုင်) ၀၄၃၂၂၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းခရိုင်၊ မိုးကုတ်မြို့နယ်၊ ရှောလီဝိုင်းရပ်၊ အကွက်အမှတ်(၁၈) အကွက်အမည်(ရှောလီဝိုင်းတောင်)၊ ဦးပိုင်အမှတ် N (၆၁၆)၊ မြေကွက်အမှတ်(၈၇၆)၊ ၀ ဒသမ ၀၃၅ ဧကရှိ မြို့မြေအား ဒေါ်အေးသိန်းမှ ဂရန်သစ် လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်သူရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ဤရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက မြေယာဥပဒေလုပ်ထုံး လုပ်နည်းနှင့်အညီ ပြီးစီးအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိုးကုတ်မြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ အကွက်အမှတ်(၇/ပဒေသာ)၊ ဦးပိုင်အမှတ်(၂၃၆)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ မြေကွက်အား မြေငှားဂရန်သစ် လျှောက်ထားနိုင်ရေး ဦးအေးကို ၅/ဘတလ(နိုင်)၀၄၃၆၁၈ မှ မြေငှားဂရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ပြင်ဦးလွင်မြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၆ယ/၃၂၆၂၇ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ငုဝါ ၁၀/ဘလန(နိုင်)၁၄၁၇၁၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၆ယ/၃၁၇၀၇ ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းမောင်မောင် ၁၀/ဘလန(နိုင်)၁၃၈၉၇၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## "DHI DHI " ကုန်အမှတ်တံဆိပ်သတိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၈၂လမ်း၊ ၃၁x၃၂လမ်းကြား၊ အမှတ်(၄၀၁)နေ ဦးသိဒ္ဓိဆွေ (ဘ) ဦးမြင့်ဆွေ ၉/မရမ(နိုင်)၀၀၁၇၆၉၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေး ကြေညာလိုက်ပါသည်-

**"DHI DHI "**

**စာချုပ်အမှတ်-(၂၀၄၈/၂၀၂၃)**

ကျွန်ုပ်၏မိတ်ဆွေ ဦးသိဒ္ဓိဆွေသည်အထက်ဖော်ပြပါ " **DHI DHI** " တံဆိပ်ကို တစ်ဦးတည်းမူပိုင် အမည်အမှတ်တံဆိပ်အဖြစ် မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင် စာချုပ်အမှတ်-(၂၀၄၈/၂၀၂၃)အရ တရားဝင်မှတ်ပုံတင်သွင်းထားရှိခဲ့ပြီး ယင်းအမည်အမှတ် တံဆိပ်ဖြင့် (အမျိုးသားဝတ်၊ အမျိုးသမီးဝတ်၊ ကလေးဝတ်၊ အဝတ်အထည်အမျိုးမျိုးနှင့် ဦးထုပ်အမျိုးမျိုး၊ ပုဆိုးအမျိုးမျိုး)တို့ပေါ်တွင် ကပ်နှိပ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်း လုံးတွင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ ကျွန်ုပ်၏မိတ်ဆွေ ဦးသိဒ္ဓိဆွေ ပိုင် " **DHI DHI** "အမှတ်တံဆိပ်၏ တစ်စိတ်တစ်ဒေသကို ဖြစ်စေ၊ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားတုပသုံးစွဲ၍ (အမျိုးသားဝတ်၊ အမျိုးသမီးဝတ်၊ ကလေးဝတ်၊ အဝတ်အထည်အမျိုးမျိုးနှင့် ဦးထုပ်အမျိုးမျိုး၊ ပုဆိုးအမျိုးမျိုး)တို့ပေါ်တွင် ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်းများ မပြုလုပ်ကြပါရန်နှင့် မည်သူမဆို ကျွန်ုပ်မိတ်ဆွေ ဦးသိဒ္ဓိဆွေ၏အကျိုးစီးပွား ထိခိုက် နစ်နာစေရန်ရည်ရွယ်ဆောင်ရွက်လာခဲ့ပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲတရား ဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဒေါ်ခင်နီနီစိုး(LL.B)**
**(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**
**Office-အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉x ၂၀ကြား၊ မန္တလေးမြို့။**
**ဖုန်း-၀၂-၄၀၆၈၈၃၉၊ ၀၉-၂၀၀၆၀၂၉၊ ၀၉-၇၉၂၀၀၆၀၂၉၊ ၀၉-၆၉၂၀၀၆၀၂၉**
**ladylawyer.khinninisoe@gmail.com**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝ(၇)လမ်း၊ တိုက်အမှတ် (၉၂၃)၊ အခန်းအမှတ်- (6-C) (ဆဋ္ဌမထပ်)၊ အကျယ်အဝန်း (၁၁၅၀)စတုရန်းပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အေးသော်တာထွန်း (၁၂/ဒဂတ (နိုင်) ၀၁၁၁၆၆) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့် အညီဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးပြည့်ဖြိုးအောင်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)** | **အထက်တန်းရှေ့နေ(စဉ်-၄၅၅၃၀)** |

**၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၂၄၀၀၃**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့၊ သစ်ရာမြိုင်၊ အထက၊ Grade-11မှ မသန္တာထွန်း၏ ဖခင်အမည်မှန်မှာ ဦးမျိုးမြင့်ထွန်း ဖြစ်ပါကြောင်း။

**ဦးမျိုးမြင့်ထွန်း**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့၊ အထက၊ သစ်ရာမြိုင်၊ Grade-11မှ မနှင်းသဇင်လှိုင်၏ ဖခင်အမည်မှန်မှာ ဦးလွမ်းမိုးကျော် ဖြစ်ပါကြောင်း။

**ဦးလွမ်းမိုးကျော်**

## အမည်ပြောင်း

ကျွန်းလှမြို့၊ အထက၊ သစ်ရာမြိုင် Grade-7မှ ဦးစိုး ၅/ကဘလ(နိုင်)၀၅၄၀၅၈ ၏ သမီး မမြထိန်သာအား မထိန်ထိန်သာဟု ပြောင်းလဲခေါ်ပါရန်။

**မထိန်ထိန်သာ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်တော်မြို့နယ်၊ သရက်အုပ်ကျေးရွာနေ (ဘ) ဦးထွန်းလှစိန်၏ သား ဦးမောင်ဖြူ (ခ) ဦးအောင်နိုင်ဦး ၁၁/ကတန (နိုင်) ၀၇၉၇၉၄မှာ တစ်ဦးတည်း ဖြစ်ကြောင်း။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၈၅)ရပ်ကွက်၊ မြေကွက်အမှတ်-၁၀၄၉ ဟု မှတ်သားတည်ရှိသည့် ဦးစိန်တင် အမည်ပေါက် ပါမစ်မြေ အမျိုးအစား(အလျား ၆၀ ပေx အနံ ၂၀ ပေ) ရှိ မြေကွက်အား ဦးစန်းနိုင်ဦး ၁၂/ခရန(နိုင်)၁၀၁၂၅၈၊ အမှတ် - ၁၇၆၂၊ ဂါမဏိလမ်း၊ (၆၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နေထိုင်သူက ပိုင်ဆိုင်မှု ဆက်စပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ၎င်းကိုယ်တိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း ထုတ်ဖော်ဝန်ခံ၍ ဒေါ်ဇင်မာ ၁၂/ဒဂဆ(နိုင်) ၀၂၃၈၈၄က စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေဝယ်ယူထားပြီးဖြစ်သဖြင့် ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်း မူရင်းများဖြင့် (၅)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင် ပါသည်။ ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာ အပ်ပါသည်။

**ဒေါ်ဇင်မာ၏ လွှဲအပ်ချက်အရ -**
**ဒေါ်မီမီအောင်**
**အထက်တန်းရှေ့နေ (စဉ်-၄၁၀၀၁)**
**အမှတ်(၉၆၈)၊ မြကျောင်းသာလမ်း၊**
**(၈၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်**
**ဖုန်း -၀၉-၄၅၁၃၀၈၄၀၀၊ ၀၉-၇၈၇၃၈၈၃၂၀၊ ၀၉-၇၈၁၈၂၂၇၄၁**

## ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (က)ရပ်ကွက်၊ နွယ်သာကီ (၈)လမ်း၊ အမှတ်(၂၉၅) မြေကွက်ပေါ်တွင်တည်ရှိသော (၄)လွှာ(ခြေရင်းခန်း) (ကန်ထရိုက်တာခွဲဝေရရှိ ပိုင်ဆိုင်သည့်အခန်း)၊ အကျယ်အဝန်း အလျားXအနံ (၁၂ ဒသမ ၅ပေ X ၅၂ပေ)ရှိ လူနေတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါ တိုက်ခန်းအပါအဝင် တွယ်ဆက်အကျိုးခံစားခွင့် အရပ်ရပ်တို့အား အရှုပ်အရှင်းကင်းရှင်းစွာ တရားဝင်ဝယ်ယူပိုင်ဆိုင်လက်ဝယ် ထားရှိ၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံပြောဆိုသူ ဦးသိန်းနိုင် ၁၁/မပတ(နိုင်)၀၃၂၉၉၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်နှင်းယု ၇/ဝမန(နိုင်)၀၇၇၁၉၉ က အပြီးအပိုင်လွှဲ ပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ် တစ်ဒေသ ပေးချေထားပါ၍ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက် လိုပါက ခိုင်လုံသောအထောက်အထား မူရင်းများနှင့်အတူ ဤသတင်းစာ ကြော်ငြာပါသည့်ရက်မှ (၅)ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်ကန့်ကွက်နိုင်ပါ သည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ပြီးမြောက် သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးယဉ်ထွန်း(LL.B, LL.M) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၉၅၁)**
**ရုံးခန်း-အမှတ် (၁၀/၉၇)၊ နွယ်သာကီပန်းခြံရှေ့၊ ခေမာသီလမ်းမကြီး၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း- ၀၉-၄၂၁၁၀၂၅၆၄**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 61W/73651 Zhineng 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဇော်ဦး ၁၄/အမန(နိုင်) ၁၇၂၄၂၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၊ အေးမြကြည်လင်ရပ်ကွက်၊ စိန်ပန်းနီလမ်းပေါ်ရှိ ဒေါ်လှလှမိုး ၉/တတဥ (နိုင်) ၁၀၃၄၉၇ ပိုင်ဆိုင်သော (၂၀'x၆၂') မြေကွက်ပေါ်တွင် အဆောက်အအုံ ဆောက်လုပ်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ၁၅ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဒေါ်လှလှမိုး**
**ဖုန်း-၀၉-၄၀၂၆၃၈၅၈၁**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၅)၊ ကွင်း/အကွက်အမှတ် (RA-V/ ကွက်ပြင်ရပ်)၊ ဦးပိုင်အမှတ် (၄၇-ဃ)၊ မြေကွက်အမှတ် (16-D)၊ မြေဧရိယာ ၀ ဒသမ ၁၁ ဧကရှိ မြေကွက်အား မြေငှားဂရန် (သက်တမ်းတိုး ၊ အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးညွန့်ဝင်း ၉ / ပဘန (နိုင်)၀၀၆၇၈၂ နှင့် ဒေါ်ယဉ်ယဉ်စိန် ၉/ ပဘန( နိုင် )၀၀၆၇၈၃ တို့မှ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာ အပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၈)၊ ကွင်း/အကွက်အမှတ် (မ-၂/ ပဒေသာ)၊ ဦးပိုင်အမှတ် (၁၄) ၊ မြေကွက်အမှတ် (14) ၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်အား မြေငှားဂရန် (သက်တမ်းတိုး၊ ဂရန်သစ်)လျှောက်ထားနိုင်ရေး ဦးခင်မောင်သိန်း ၉/မမန(နိုင်)၀၃၀၁၂၄ မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာ အပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၇)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်(၁၇)၊ ကံ့ကော်မြိုင်လမ်း၊ မြေကွက်အမှတ်(၉၃၅)မြေပေါ်ရှိ (အလျား ၂၀ ပေ X အနံ ၆၀ ပေ )အိမ်ခြံမြေအပါအဝင် အကျိုးခံစားခွင့်များအား အရောင်းအဝယ်ပြုလုပ်ရန်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

အထက်ဖော်ပြပါ အိမ်ခြံမြေအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ဦးစိုးနိုင် ၈/ပဖန(နိုင်)၀၁၉၉၂၃ ထံမှ ဝယ်ယူရန်အလို့ငှာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကြွယ်ကြွယ် ၁၂/သဃက(နိုင်)၀၃၅၄၇၂ မှ စရန်ငွေအဖြစ် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ယင်းအိမ်ခြံမြေနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်ခွင့် စာရွက်စာတမ်းများနှင့်အတူ ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်မာသောပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင် ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရဲမင်းထွဋ် (စဉ်-၁၂၁၆၁) (LL.B, Diploma in Business Law)**
**တရားလွှတ်တော်ရှေ့နေ အမှတ်(၄၇၅)၊ ဗမ္ဗူသီရိ(၃)လမ်းအရှေ့၊**
**၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ဖုန်း- ၀၉-၇၉၉၆၁၁၃၀၀**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့၊ အမှတ်(၅)၊ ဘုရင့်နောင် ရပ်ကွက်နေ ကျွန်တော် ဦးအောင်မြင့် ၉/မတရ(နိုင်)၀၁၃၄၄၀ နှင့် ကျွန်မ ဒေါ်ခင်နှောင်း ၉/မတရ(နိုင်)၁၀၆၅၄၁တို့၏ သမီးဖြစ်သူ မဝါဝါအောင် ၉/မတရ(နိုင်)၁၆၀၅၃၄သည် မိဘများအား စိတ်ဆင်းရဲဒုက္ခနှင့် ဂုဏ်သိက္ခာ ညှိုးနွမ်းစေသောကိစ္စများ အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်အပြီးအပိုင်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက် သော ကိစ္စအဝဝကို လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်မြင့်-ဒေါ်ခင်နှောင်း**

## ကွာရှင်းပြတ်စဲခြင်းအား အများသိစေရန် ကြေညာခြင်း

ဦးဝင်းမောင်၏သားဖြစ်သူ ဦးဘိုမင်း ၉/အမရ(နိုင်)၀၉၉၁၀၃၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ် ပါသည်-

ဦးဘိုမင်း ၉/အမရ(နိုင်)၀၉၉၁၀၃(ဘ)ဦးဝင်းမောင်နှင့် ဒေါ်ရွှေရည် ငြိမ်းချမ်း ၉/မနမ(နိုင်)၁၀၆၉၃၂ (ဘ)ဦးစက်ဝင်းတို့သည် ဗမာလူမျိုး၊ ဗုဒ္ဓ ဘာသာကိုးကွယ်သူများဖြစ်ကြပြီး၊ လွန်ခဲ့သော ၁၉၉၈ခုနှစ်ကစ၍ အကြင် လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြပါသည်။ ထို့နောက် ဦးဘိုမင်းနှင့် ဒေါ်ရွှေရည်ငြိမ်းချမ်းတို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း မတိုက်ဆိုင်သည့်အပြင် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိကြတော့ပါ သဖြင့် ၁၆-၁-၂၀၁၇ ရက်တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ် ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်ကို မိမိတို့၏လွတ်လပ်သောသဘော ဆန္ဒအရ ပြုလုပ်ချုပ်ဆို၍ နှစ်ဦးသဘောတူ ကွာရှင်းခဲ့ကြပြီးဖြစ်ပါသည်။ ထို့ကြောင့် ဦးဘိုမင်းနှင့် ဒေါ်ရွှေရည်ငြိမ်းချမ်းတို့သည် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ဆက်စပ်သက်ဆိုင်ခြင်း အလျှင်းမရှိတော့ပါကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူ-** | **လွှဲအပ်ညွှန်ကြားချက်အရ -** |
| **ဦးဘိုမင်း** | **ဒေါ်တိုးတိုးဝင်း (မဟာဥပဒေဘွဲ့)** |
| **၉/အမရ(နိုင်)၀၉၉၁၀၃** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၉၃၀)** |
| | **ဖုန်း-၀၉-၆၉၅၄၅၇၇၇၈၊ ၀၉-၇၉၈၅၀၈၈၈၉** |

## ကန့်ကွက်နိုင်ပါကြောင်း

မိုးကုတ်မြို့၊ ရှောလီဝိုင်းရပ်၊ ကွင်းအမှတ်နှင့် အမည်၁၈ (ရှောလီဝိုင်းတောင်)၊ ဦးပိုင်အမှတ် (၅၁)၊မြေကွက်အမှတ်(၇၃၁)၊ ဧရိယာ ၀ ဒသမ ၀၅၄ ဧကရှိ မြေအား ဒေါ်သန်းကြည်မှ စက်မှု မြေငှား ဂရန်သစ် လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၃၁-၈-၂၀၂၃ ရက်အတွင်း ဤရုံးသို့ အထောက်အထားစုံလင်စွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်သူမရှိပါက မြေယာဥပဒေ လုပ်ထုံးလုပ်နည်းနှင့်အညီ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိုးကုတ်မြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## လူပျောက်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်စံပြရပ်ကွက်၊ ဓမ္မစိန္တာလမ်းနေ (ဘ) ဦးကျော်သူရထွန်း၏သား မောင်မင်းလူသစ် အသက် (၁၄နှစ်)သည် ၁၆-၈-၂၀၂၃ ရက်တွင် မည်သူ့ကိုမှ ပြောဆိုခြင်းမရှိဘဲ နေအိမ်မှထွက်သွားရာ ပြန်မလာပျောက်ဆုံးနေသဖြင့် လိုက်လံစုံစမ်း ရှာဖွေသော်လည်း ရှာဖွေတွေ့ရှိခြင်းမရှိဘဲ ပျောက်ဆုံးနေသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်နှင့် လက်ခံထားသူများအား ဥပဒေအရ အရေးယူ ပါမည်။

**မိခင် ဒေါ်မေမြရာ**
**ဖုန်း-၀၉-၅၄၁၉၀၈၃**
**၀၉-၂၆၂၆၅၃၅၄၈**

## ဦးသိန်းဝင်း (ဘ) ဦးဘိုလေး ၉/မလန(နိုင်)၀၈၃၆၁၅နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စန်းစန်းထွေး ၁၂/လကန(နိုင်)၂၃၉၄၈၂၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးသိန်းဝင်းနှင့် အများသိစေရန် ကြေညာအပ် သည်မှာ -

